# အစ္စလမ်ဘာသာ
# နှင့်
# ကလေးစောင့်ရှောက်မှု



# ဘာသာရေးနှင့်ငြိမ်းချမ်းရေးဆိုင်ရာ
# ကမ္ဘာ့ညီလာခံ

## “ကမ္ဘာ့ဘာသာတရားများနှင့် ကမ္ဘာ့ကလေးသူငယ်များ” ညီလာခံတွင် စုဝေးရောက်ရှိသော ကမ္ဘာ့ဘာသာရေးခေါင်းဆောင်များ၏ ကမ္ဘာ့ကလေးသူငယ်များအတွက် ဆုတောင်းပဌနာ

ကလေးသူငယ်တွင် ရှုသောအသက်နှင့် နာမ်ဝိညာဉ်ရှိသည်။ ပစ္စုပ္ပန်အခိုက်တွင် တည်ရှိသော ကလေးသူငယ်သည် ကိုယ်ရုပ်ဆောင်သော အတိတ်ဖြစ်သကဲ့သို့ ဖြစ်ထွန်းမည့် အနာဂတ်လည်း ဖြစ်သည်။ ကလေးသူငယ်သည် ရှင်သန်လိုသည်။ ကာကွယ်စောင့်ရှောက်ခြင်းခံလိုသည်။ ဖွံ့ဖြိုးလိုသည်။ ကလေးသူငယ်သည် တရားမျှတမှု လွတ်လပ်မှုရှိသော ငြိမ်းချမ်းရေးကို ရလိုသည်။

ကလေးသူငယ်တို့ကို ကယ်ဆယ်ပါ
ဆာလောင်ခြင်း ရေငတ်ခြင်းဖြင့် နှိပ်စက်ခြင်းခံရသော
ကလေးသူငယ်တို့ကို ကယ်ဆယ်ပါ
ကာကွယ်နိုင်သော ရောဂါတို့ဖြင့် ဖိစီးခြင်းခံရသော
ကလေးသူငယ်တို့ကို ကယ်ဆယ်ပါ
ရက်စက်သော ထုံး ဓလေ့များဖြင့် ရုပ်ပျက်ဆင်းပျက်ဖြစ်ရသော
ကလေးသူငယ်တို့ကို ကယ်ဆယ်ပါ
အကြမ်းဖက်ခြင်းကို ကြုံတွေ့ခံနေရသော
ကလေးသူငယ်တို့ကို ကယ်ဆယ်ပါ
ချယ်လှယ်စေခိုင်းခြင်းဖြင့် အညွန့်တုံးနေကြရသော
ကလေးသူငယ်တို့ကို ကယ်ဆယ်ပါ
ပြဟ္မစိုရ်တရားမဲ့သော အကျင့်ဖြင့် ထိတ်လန့်တုန်လှုပ်နေရသော
ကလေးသူငယ်တို့ကို ကယ်ဆယ်ပါ

မူးယစ်ဆေးဝါးတို့ဖြင့် ဘဝပျက်ခြင်းခံရသော
ကလေးသူငယ်တို့ကို ကယ်ဆယ်ပါ
ပတ်ဝန်းကျင်ညစ်ထေးခြင်းကြောင့် အဆိပ်သင့်ခြင်းခံရသော
ကလေးသူငယ်တို့ကို ကယ်ဆယ်ပါ
ကလေးသူငယ်တို့ကို စောင့်ရှောက်ပါ
ဆင်းရဲဒုက္ခဖြင့် သိမ်လှီရသော
ကလေးသူငယ်တို့ကို စောင့်ရှောက်ပါ
အမည်မရှိ၍ အပယ်ခံရသော
ကလေးသူငယ်တို့ကို စောင့်ရှောက်ပါ
ပါဝင်ခြင်း ငြင်းပယ်ခံရသော
ကလေးသူငယ်တို့ကို စောင့်ရှောက်ပါ
မျှော်လင့်ခြင်းကင်းမဲ့ နွမ်းနယ်သော
ကလေးသူငယ်တို့ကို စောင့်ရှောက်ပါ
အမျိုးဘာသာ အသက်အရွယ် လိင်ဇတ်
ကန့်သတ်ချက်ဖြင့် အဟန့်အတားခံရသော
ကလေးသူငယ်တို့ကို စောင့်ရှောက်ပါ
သိက္ခာ သမာဓိ ရှိခွင့်မရသော
ကလေးသူငယ်တို့ကို စောင့်ရှောက်ပါ
အလှ အရှင် အရယ် လက်မဲ့ဖြစ်သော
ကလေးသူငယ်တို့ကို စောင့်ရှောက်ပါ
စစ်ဘေး အငတ်ဘေးအဖျက်ဘေးကြောင့် အခြေမဲ့သော
ကလေးသူငယ်တို့ကို စောင့်ရှောက်ပါ
ယခင်မျိုးဆက်တို့၏ အကြွေးဝန်ထုပ်ကိုထမ်းနေရသော
ကလေးသူငယ်တို့ကို စောင့်ရှောက်ပါ
ပျိုနုချိန်မရောက်မီ အိုမင်းရသော
ကလေးသူငယ်တို့ကို စောင့်ရှောက်ပါ

လွတ်လပ်မှု တရားမျှတမှု ငြိမ်းချမ်းမှု ရခွင့်မရှိသော
ကလေးသူငယ်တို့ကို စောင့်ရှောက်ပါ
ကလေးသူငယ်တို့ကို ပြုစုပါ
မေတ္တာဖြင့် အာဟာရဖြည့် လမ်းညွှန်မှုဖြင့်
ထောက်ပံ့ နားလည်မှုဖြင့်မြှင့်တင်ကာ
ကလေးသူငယ်တို့ကို ပြုစုပါ
အစာရေစာ သန့်ရှင်းသောရေ နေရာ ထိုင်ခင်း
အဝတ်အစား ကျန်းမာရေး ဆေးဝါးပေးကာ
ကလေးသူငယ်တို့ကို ပြုစုပါ
သန့်ရှင်းစိတ်ချရသော ပတ်ဝန်းကျင်ဖြင့် ကြွယ်ဝစေကာ
ကလေးသူငယ်တို့ကို ပြုစုပါ
ပညာဖြင့် စွမ်းအားသုံး၊ အခွင့်အလမ်းဖြင့် အစွမ်းအစဖော်၊
ပြည့်စုံသော ရပိုင်ခွင့်ဖြင့် အားအင်ဖြည့်ကာ
ကလေးသူငယ်တို့ကို ပြုစုပါ
အနာဂတ်ကို ဖန်တီးသည့် နိုင်ငံရေး စီးပွားရေးတွင် ပါဝင်ကြဖို့ အားပေးကာ
ကလေးသူငယ်တို့ကို ပြုစုပါ
ကျန်းမာရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှု မသွေရစေကာ
ကလေးသူငယ်တို့ကို ပြုစုပါ
ကွဲပြားမှုကြောင့် ကြွယ်ဝသော ကမ္ဘာ့မိသားစုတွင် နေရာရ၍ ပွဲစီးစေကာ
ကလေးသူငယ်တို့ကို ပြုစုပါ
လွတ်လပ်မှု တရားမျှတမှု ငြိမ်းချမ်းမှုဖြင့် ဖွံ့ဖြိုးစေကာ
ကလေးသူငယ်တို့ကို ပြုစုပါ။

ကလေးသူငယ်ဆိုသည်မှာ ဘဝအသက်နှင့် အဲ့ဖွယ်အမြင် အလှနှင့် နက်နဲကွယ်ဝှက်သော အရာ ပြီးပြည့်စုံမှုနှင့် အလားအလာဖြစ်သည်။ ကလေးသူငယ်ကို ကယ်ဆယ်ပါ။ ကလေးသူငယ်ကို စောင့်ရှောက်ပါ။ ကလေးသူငယ်ကို ပြုစုပါ။

# မာတိကာ


- မိတ်ဆက် ........................................ ၁
- မီးမဖွားခင်ကတည်းကကလေးငယ်၏ အရေးပါပုံကိုအစ္စလာမ်က ပြဌာန်းထားချက် ........................................ ၄
- သားသမီးပြုစုပျိုးထောင်ခြင်း၏အစ ........................................ ၆
- ကလေးသူငယ်စောင့်ရှောက်ရေး ........................................ ၉
- မိဘမေတ္တာ ........................................ ၁၄
- မိဘတာဝန် ........................................ ၁၇
- မိဘတို့၏ဝတ္တရား ........................................ ၂၃
- ကလေးငယ်ဖွံ့ဖြိုးကြီးထွားမှုနှင့် မိခင်နို့ရည်တိုက်ကျွေးမှု ........................................ ၂၆
- ပဋိသန္ဓေဆောင်ထားသည့် မိခင်လောင်းများနှင့်ကလေးငယ်များအတွက် အစာအာဟာရ ........................................ ၃၂
- တစ်ကိုယ်ရေကျန်းမာရေး ........................................ ၃၄
- မိဘကျိန်စာမှာအမှန်သင့်နိုင်ခြင်း ........................................ ၄၀
- သားသမီးများအားချစ်သောတမန်တော်မြတ် ........................................ ၄၅
- ကလေးငယ်လုပ်ပိုင်ခွင့်မရှိသောကိစ္စများ ........................................ ၄၇

# အစ္စလာမ်ဘာသာနှင့် ကလေးစောင့်ရှောက်မှု

## မိတ်ဆက်



အစ္စလာမ်သည် အခြားသော အယူဝါဒ၊ ယုံကြည်ချက်နှင့် ကိုးကွယ်မှုဆိုင်ရာတို့ကို လူအများက ယေဘုယျအားဖြင့် နားလည်ဖွင့်ဆိုထားသည့် "ဘာသာရေး" ဟူသည့်ပုံစံမျိုးမဟုတ်ပေ။

အစ္စလာမ်ဟူသည် စကြာဝဠာအနန္တကို ဖြစ်ပေါ်ထင်ရှားစေတော်မူသည့် အလ္လာဟ် အရှင်မြတ်၏အလိုဆန္ဒတော်နှင့် အရှင်မြတ်က ပြဋ္ဌါန်းထားသည့် ဘဝတည်ဆောက်မှုဆိုင်ရာ လမ်းညွှန်ချက် ပညတ်တရားတော်တို့ကို ရိုကျိုးလိုက်နာခြင်း၊ ယင်းကဲ့သို့ ရိုကျိုးလိုက်နာယုံ ပုံလွဲအပ် ခြင်းတို့ကြောင့် မိမိနှင့်တကွ ကမ္ဘာအဝှမ်းမှလူသားတို့သည် ငြိမ်းအေးချမ်းမြေ့သည့် သန္တိသုခကို ထွေးပိုက်ရခြင်းကိုဆိုလို၏။

မွတ်စလင်တို့၏ဘ၀ကို ထိန်းကျောင်းပေးသည့် လမ်းညွှန်ချက်တို့ကို အလ္လာဟ်အရှင်မြတ်သည် မဟာတမန်တော်မြတ် မုဟမ္မဒ် (ဆွ)အား ၀ဟီဉာဏ်စင်ချီးမြှင့်ပြီးကျမ်းမြတ်ကုရ်အာန်၌ အစုံအလင် ဖော်ကျူးထား၏။ မဟာတမန်တော်မြတ်ကြီးမှာ တမန်တော်တို့၏ နောက်ဆုံးပွင့်ထွန်းလာသော တမန်တော်ဖြစ်တော်မူပြီး အရှင့်ထံမှ တရားဒေသနာတော်တို့ကို ကိုယ်တော်မြတ်အားပြီးပြည့်စုံစွာ ပို့ချပေးသနားတော်မူခြင်းအားဖြင့် ၀ဟီဗျာဒိတ်တော်တို့အား အဆုံးသတ်နိဂုံးချုပ်စေခဲ့၏။ မဟာတမန်တော်မြတ်ကြီးကလည်း ကျမ်းမြတ်ကုရ်အာန်၏ နောက်ဆုံးဗျာဒိတ်တော်ဖြစ်သည့်- ဤနေ့၌ ငါ့အရှင်သည် သင့်အတွက် “ဒီးန်” (နှစ်ဘ၀၏ အောင်မြင်မှုလမ်းညွှန်) သာသနာကို ပြီးပြည့်စုံတော်မူစေခဲ့ပေပြီ။ ငါအရှင်၏ ချီးမြှင့်မှုအပေါင်းကိုလည်း ပြည့်၀စေခဲ့တော်မူပြီး “အစ္စလာမ်” (သန္တိသုခ) ကို သင်၏ “ဒီးန်” (နှစ်ဘ၀တည်ဆောက်ရေးအတွက် အရှင့်ဖက်မှ ထိန်းကျောင်းပေးသည့် အလုပ်၏ လမ်းညွှန်) အဖြစ် ငါအရှင်ရွေးချယ်ပေးတော်မူခဲ့၏ (၅း၄) ဟူသည့် အာယတ်တော် ကျရောက်လာသည်နှင့် “ငါ (မုဟမ္မဒ် (ဆွ) ကိုယ်တော်) ၏နောက်၌ မည်သည့် တမန်တော်မှ ပွင့်ပေါ်တော့မည် မဟုတ်ချေ” ဟု ဥဒါန်းကျူးရင့်ခဲ့၏။

ကျမ်းမြတ်ကုရ်အာန်မှရရှိသည့် ဝိဇ္ဇာဉာဏ်အလင်းနှင့် ထိုးထွင်းကြည့်ရှုမည်ဆိုပါက လူသားသည် ရုပ်သဘောသာရှိသည့် သတ္တ၀ါမဟုတ်ပေ။ ရုပ်ခန္ဓာအပြင် နာမ်ဓါတ်သည်လည်း လူသား၏ ဖွဲ့စည်းတည်ဆောက်မှုတွင်ပါဝင်၏။ ထို့အပြင်ကျမ်းမြတ်ကုရ်အာန် (၉၅း၄) တွင် အလ္လာဟ်အရှင်မြတ်က ဧကန်မလွဲ ငါအရှင်မြတ်သည် လူသားကို အကောင်းဆုံးသောကြန်အင်လက္ခဏာတို့ဖြင့် ဖန်ဆင်းတော်မူ၏ဟုမိန့်မြွက်သော်ငြားလည်း လူသား၏နာမ်တရားမှာ ပြီးပြည့်စုံအောင် ဖွံ့ဖြိုးတိုးတက်သည့် အနေအထားဖြင့် လူသားတို့ အမွေဆက်ခံလာခဲ့ခြင်းမဟုတ်ပေ။ နာမ်တရား၏ အစွမ်းသတ္တိတို့သည် လူ့အဖွဲ့အစည်းအတွင်း ... 

လူသားသည်လူမှုရေးသတ္တ၀ါဖြစ်သည့်အားလျော်စွာ လူသားတစ်ဦးချင်း၏နာမ်တရားကြီးထွားထွန်းတောက်မှုနှင့် ရည်မှန်းချက်ပန်းတိုင်ကို လှမ်းကိုင်နိုင်မှုတို့အတွက် လူသားသည်လူ့အဖွဲ့အစည်းအတွင်းမှနေ၍ လူ့အသိုင်းအဝိုင်းမှတစ်ဆင့်သာလျှင်ပြုလုပ်နိုင်ပြီး၊ တစ်ဦးတစ်ယောက်တည်း သီးသီးသန့်သန့် ကျင့်ကြံအားထုတ်မှုဖြင့်မရနိုင်ပေ။ သို့အတွက်ကြောင့်ကျမ်းမြတ်ကုရ်အာန်၌လာရှိသည့် နာမ်ပိုင်းဆိုင်ရာဥပဒေသတို့သည် ကလေးသူငယ်ပြုစုစောင့်ရှောက်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးစသည်တို့နှင့် ပတ်သက်သောသိသာထင်ရှားသည့်အချက်အလက်များအပါအဝင် လူ့အဆောက်အအုံတစ်ရပ်စုစည်းတည်ဆောက်ရန်လိုအပ်မည့် အခြေခံအုတ်မြစ်အဖြစ်ထားသင့်သည့် နိယာမများကိုလည်း ယေဘုယျအားဖြင့်ညွှန်ပြထား၏။

ဤသည်မှာ ကုရ်အာန်၏ဥပဒေသ နိယာမတို့၏ပြဋ္ဌာန်းချက်အတိုင်း လိုက်လျောညီထွေစွာ ဆင့်ကဲမြင့်တက်ထွန်းကားလာသည့်လူမှုရေးစနစ်တစ်ခု ဖြစ်လာစေပြီး လူသားနွယ်ဝင်တစ်ရပ်လုံး၏ ဖွံ့ဖြိုးတိုးတက်ရေးကိုအာမခံချက်ပေးရန် မျှော်မှန်းရည်သန်ပေသည်။ ဤစနစ်သည်လူတစ်ဦးချင်းနှင့် နိုင်ငံတစ်ခုချင်းတို့အကြား၌ ကိုယ်ကျိုးစီးပွားများ ကာကွယ်စောင့်ရှောက်ရင်းက ဖြစ်လေ့ဖြစ်ထရှိသည့် ထိပ်တိုက်ရင်ဆိုင်တိုက်ခိုက်မှုများ ကင်းရှင်းလွတ်မြောက်သည့် လူ့အဖွဲ့အစည်းကိုဖန်တီးပေး၏။ အဘယ်ကြောင့်ဆိုသော် ဤစနစ်၏အခြေခံသဘောကို၌က လူတစ်ဦးချင်း၏ နာမ်တရားဖွံ့ဖြိုးထွန်းတောက်ခြင်းသည် အဆိုပါပုဂ္ဂိုလ်၏ အခြားသောလူသားများ၏ နာမ်တရားဖွံ့ဖြိုးရေးကို မည်မျှအထောက်အကူပြုခဲ့ဟူသည့် လုပ်ရပ်အတိုင်းအတာ အချိုးအစားလိုက် တိုက်ရိုက်တည်မှီနေသောကြောင့်ဖြစ်၏။

ကျမ်းမြတ်ကုရ်အာန်ပြီးလျှင် (ကျွန်ုပ်တို့ကို လမ်းမှန်ကို ညွှန်ပြနေ်) ကျွန်ုပ်တို့၏ အသိပညာနှင့် လမ်းညွှန်ချက်များမြစ်ဖျားခံရာ ဒုတိယအကြောင်းခံအဖြစ် စွန်နတ်တော်များရှိ၏။ စွန်နတ်တော်များဟူသည်မှာ မဟာတမန်တော်မြတ်၏ ဘဝမှ လူသားတို့အတွက် စံနမူနာယူစရာများ၊ ကိုယ်တော်မြတ်၏ (နှစ်ဘဝအောင်မြင်ရေးအတွက်) လုပ်ရှားဆောင်ရွက်ခဲ့ပုံများ၊ လူသားတို့၏ဘဝကိုထိန်းကျောင်းလမ်းညွှန်ပေးခြင်းဖြင့် လူ့အဖွဲ့အစည်း၏ သာယာဝပြောရေးကို ဖြစ်ပေါ်စေသော အစ္စလာမ်တရားတော်၏ အဆုံးအမနှင့်အညီ အလ္လာဟ်အရှင်မြတ်ထံမှ ဉာဏ်ဝင်စားပြီး မြွက်ကြားခဲ့သည့် မဟာတမန်တော်မြတ်၏ ဩဝါဒတော်များကို စုပေါင်း ခေါ်ဆိုခြင်းဖြစ်၏။ မဟာတမန်တော်မြတ်၏ အတ္ထုပ္ပတ္တိမဟာဝင်သည်လူသားတို့ စံနမူနာယူစရာများနှင့်အတိပြီးလျက်ရှိပြီး၊ ဤဘဝ နောင်ဘဝ နှစ်ဘဝ နှစ်ဌာနအတွက် သန္တိသုခအငြိမ်းဓါတ်ကိုရယူလိုပါလျှင် မွတ်စလင်တစ်ဦးအနေဖြင့် မုချမသွေ ဤစံနမူနာတို့ကို အတုယူရပေမည်။

# မီးမဖွားခင်ကတည်းက ကလေးငယ်၏ အရေးပါပုံကိုအစ္စလာမ်ကပြဋ္ဌာန်းထားချက်



အစ္စလာမ်ဓမ္မသတ်၏ပြဋ္ဌာန်းချက်များအရ ရှင်းလင်းပြတ်သားစွာတင်ပြရပါမူ ကလေးသူငယ် စောင့်ရှောက်ပြုစုရေးကိုအလေးဂရုမပြုပဲ လျစ်လျူရှုခြင်းသည်လည်းကောင်း၊ ကလေးငယ်၏ ကာယ၊ စိတ္တဖြင့်တင်ရေးလုပ်ငန်းစဉ်ကို ထိပါးစေသည့် မတရားပြုမှုများကိုလည်းကောင်း၊ ပြင်းထန်သော အပြစ်ဒဏ်ထိုက်သည့်ရာဇဝတ်မှုအဖြစ် အစ္စလာမ်တရားဥပဒေက ပြဆိုထားပါသည်။

ကလေးသူငယ်တစ်ဦးလူ့ဘဝသို့ မွေးဖွားရောက်ရှိလာခြင်းမရှိသေးမီအချိန်ကာလကတည်းက အစ္စလာမ်တရားတော်သည် ကလေးသူငယ်အမွေ ဆက်ခံမည့် အရည်အသွေး စရိုက်လက္ခဏာများ၏ အရေးကြီးပုံကို အလေးထားသည့်အနေဖြင့် မိခင်၊ ဖခင်လောင်းတို့အား မိမိ၏ဘဝကြင်ဖော်ကိုရွေးရာတွင် မိမိ၏ရင်သွေးမျိုးဆက် ကျန်းမာသန်စွမ်းစွာမွေးဖွားလာရန်အလို့ငှာ မျိုးရိုးဗီဇ ချွတ်ယွင်းချက်များ မရှိရလေအောင် စိစစ်ရွေးချယ်ရန်လမ်းညွှန်ထား၏။

"သွေးသားမနီးစပ်သည့် တစိမ်းမိသားစုများမှ ကြင်ဖော်နှင့် အိမ်ထောင်ပေါင်းဖက်မှုကြောင့် မွေးဖွားလာသည့် ရင်သွေးမျိုးဆက်တို့သည် သွေးသားနီးစပ်သည့် ဆွေမျိုးသားချင်းများမှ ကြင်ဖော်နှင့် အိမ်ထောင်ဖက်ခြင်းကြောင့် မွေးဖွားလာသည့် ရင်သွေးမျိုးဆက်များနှင့်စာလျှင် ပိုမို၍ဉာဏ်ရည် ဉာဏ်သွေးထက်မြက်ပြီး ကိုယ်ကာယ တောင့်တင်းသန်မာလေ့ရှိ၏။"

အထက်ဖော်ပြပါလမ်းညွှန်ချက်သည် သိပ္ပံပညာနှင့်မျိုးရိုးဗီဇဗေဒခေတ်သစ်ကို အစ္စလာမ်၏ သွန်သင်ဆုံးမချက်က ကျော်လွှားလွန်မြောက်ကြောင်းကို ဖော်ပြနေ၏။ အလ္လာဟ်အရှင်မြတ်၏ လက်ဆောင်မွန်လည်းဖြစ်၊ လောက၏ ရွှင်ပျော်ဖွယ်ရာလည်းဖြစ်သည်ဟု အကယ်ပင်ခေါ်ဆိုထိုက်သော ရင်သွေးငယ်တို့ ထွန်းကားလာရန် မျိုးရိုးဗီဇဆက်ခံမှု အရေးကြီးကြောင်းနှင့် ဘဝကြင်ဖော်အိမ်ထောင်ဘက်ကို အသေအချာစိစစ်ရွေးချယ်ရန် အစ္စလာမ်ကညွှန်ပြထား၏။

သို့အတွက်ကြောင့် အစ္စလာမ်သည် ကလေးငယ် မီးမဖွားမီကတည်းက ကလေးငယ် ကျန်းမာသန်စွမ်းစွာ ဖွံ့ဖြိုးကြီးထွားရေးနှင့် ဘဝရှေ့ရေးအစီအမံများကို စီစဉ်ပေးခြင်းဖြင့် ကလေးသူငယ် စောင့်ရှောက်ရေးကို အလေးထားကြောင်း သက်သေထူနိုင်ပေသည်။ အကြင်သူသည် အိမ်ထောင်သားမွေးမှုပြုရန် ကြံရွယ်စဉ်းစားသည်နှင့် တစ်ပြိုင်နက် ထိုသူအား အစ္စလာမ် တရားတော်က ထိန်းကျောင်းလမ်းညွှန်မှုကိုပေး၏။ အစ္စလာမ်တရားတော်အရ အိမ်ထောင်စုတစ်ခုတွင် အလွန်လှပခန့်ညား၍ တန်ဖိုးထားအပ်သောစနစ်ရှိပြီး၊ လူ့အဖွဲ့အစည်းတစ်ရပ်၌လည်း မိသားစုတစ်ခု၏အခန်းကဏ္ဍမှာအလွန်လေးစားဂုဏ်ယူအပ်သည့်အစိတ်အပိုင်းအဖြစ်ပါဝင်၏။

အိမ်ထောင်စုတစ်ခုအား အမြဲတေအဖြစ်စတင်ကာ ဖွဲ့စည်းထားသည့် အစ္စလာမ်လူ့အဖွဲ့အစည်း၌အောက်ဖော်ပြပါ အစ္စလာမ်ယဉ်ကျေးမှုမှ ကျော်ကြားလှသည့် ကျမ်းမြတ်ကုရ်အာန်မုက္ခပတ်တော်များ၊ မဟာတမန်တော်မြတ်ကြီး၏ဩဝါဒတော်များ၊ ပညာရှိကဝိအကျော်အမော်တို့၏ ဆိုရိုးစကားများသည် ကလေးသူငယ်စောင့်ရှောက်ရေးကို မည်မျှအလေးအနက်ထားကြောင်း ဆက်လက်မီးမောင်းထိုးပြပါလိမ့်မည်။

# သားသမီးပြုစုပျိုးထောင်ခြင်း၏အစ




မိဘတာဝန်သည်များပြား၏။ နက်နဲသိမ်မွေ့၏။ ရင်သွေးငယ်တို့ လူ့လောကသို့ ခြေမချမီ၊ သန္ဓေမတည်မီကပင် မိဘတာဝန်စခဲ့လေပြီ။ မိဘတို့သည် ရင်သွေးရတနာများနှင့် စပ်လျဉ်း၍ မည်သို့ တာဝန်ရှိသည်၊ မည်မျှတာဝန်ရှိသည်ကိုတမန်တော်မြတ်မုဟမ္မဒ် *(စွလ္လလ္လာဟု အလိုင်းဟိဝစလ္လမ်)* က စလယ်ဆုံး ကိုယ်တော်တိုင် လက်တွေ့ကျင့်သုံးပြသတော်မူခဲ့ရုံမက နောက်လိုက်တပည့်များအားလည်း လမ်းညွှန်မှုများပေးတော်မူခဲ့၏။

တမန်တော်မြတ် *(စွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)* ၏ လမ်းညွှန်မှုများကို မလိုက်နာသူသည် ရင်သွေးငယ်များအားပြုစုပျိုးထောင်ရာတွင် တာဝန်ပျက်ကွက်သူ၊ ရင်သွေးငယ်တို့၏ ကောင်းကျိုးကို မလိုလားမနှစ်သက်သူဖြစ်ပေမည်။ မိမိ၏မျိုးဆက်ကိုနစ်နာဆုံးရှုံးအောင် ပြုသူလည်းဖြစ်ပေမည်။

## ကိုယ်လက်နှီးနှောရာတွင်လိုက်နာအပ်သည့်အချက်များ

သားသမီးများသည် မိဘတို့၏ ရင်နှစ်သည်းချာများဖြစ်၏။ မိခင်ဖခင်တို့ချစ်ခြင်းမေတ္တာ နှီးနှောဖလှယ်ရင်းရရှိလာသည့် အကျိုးအမြတ်အသီးအပွင့်အသွေးအသားများဖြစ်၏။ အသီးအပွင့် များ ကျန်းမာသန်စွမ်းစေရန်၊ အရည်မှီစေရန်နှင့် ကိုယ်ရော စိတ်ပါ ဖွံ့ဖြိုးကောင်းမွန်စေရန် မိဘတို့က ကြိုဆ ကြိုးပမ်းကြရမည်ဖြစ်၏။

ထို့ကြောင့်မိဘများသည် ချစ်ခြင်းမေတ္တာနှီးနှောဖလှယ်ရာတွင် အောက်ပါစည်းကမ်းချက်များ ကို လိုက်နာရန်လိုအပ်ပေသည်။

(၁) နှစ်ဦးစလုံး လုံလုံခြုံခြုံရှိကြရမည်။

(၂) အရှက်ကင်းမဲ့သည့် သဏ္ဍာန်မျိုးမှရှောင်ကြဉ်ရမည်။

(၃) ခန္ဓာကိုယ်သန့်ရှင်းစင်ကြယ်စွာထားကြရမည်။

(၄) တည်ငြိမ်အေးဆေး၍ စိတ်ကြည်နူးသည့်အချိန်နေရာဖြစ်ရမည်။

(၅) ကျန်းမာရေး၊ စိတ်ဓါတ် (ဝမ်းဗိုက်ပြည့်ခြင်း ဆာလောင်မွတ်သိပ်ခြင်း) စသည်တို့သည် မျှတနေချိန်ဖြစ်ရမည်။

(၆) အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့်အစပြုလျက် "ဗရ်ကာသ်" မင်္ဂလာကိုရယူရမည်။

(၇) "ရှိုင်သွာန်" ၏ နှောင့်ယှက်ဖျက်ဆီးခြင်းမှကာကွယ်ပေးမည့် ဆုမွန် ဒုအာ ကို ဖတ်ရွတ်ရမည်။

## ကိုယ်ဝန်ဆောင်ချိန်၌ဆင်ခြင်အပ်သည့်အချက်များ

ဖခင်၏သုက်သွေးသည် မိခင်ဝမ်းတွင်းသို့ကူးပြောင်း၍ ပဋိသန္ဓေတည်ချိန်တွင် မိခင်သည် အောက်ပါအချက်များအတိုင်း ကျင့်ကြံနေထိုင်သင့်၏။

(၁) (ဟလာလ်) သမာအာဇီဝ ရိုဇီ ရိက္ခာကိုစားသုံးရမည်။

(၂) မှန်ကန်သည့်စကားကို ဆိုရမည်။

(၃) ဝမ်းနည်းကြေကွဲစရာ၊ ပူဆွေးစရာများမှ ရှောင်ကြဉ်ရမည်။

(၄) အစ္စလာမ့် ပညတ်ချက်များ၊ အဆုံးအမများနှင့်အညီ နေထိုင်ရမည်။ အတွေးအာရုံများကိုပင် အချိုးနှိုးကိစ္စရပ်များကို တွေးတောစဉ်းစားခြင်းမှ ကာကွယ်ထားရမည်။

ဖော်ပြပါအတိုင်း ကျင့်ကြံနေထိုင်မှသာ မိခင်၏ ဝမ်းတွင်းရှိ ကလေးတွင် ဗရ်ကသ် မင်္ဂလာဖြစ်ပေါ်တိုးပွားလာမည်ဖြစ်၏။

အစ္စလာမ့်တရားတော်၌ ကလေးသူငယ်ဘဝကို ပျော်ရွှင်မှုများ၊ လှပမှုများ၊ မိမိဆန္ဒတို့ဖုံးလွှမ်းနေသည့် အိမ်မက်ဆန်းများ၊ ချစ်ခြင်းမေတ္တာများ၊ ဆန်းပြားသည့် စိတ်ကူးစိတ်သန်းများနှင့် အတိပြီးနေသည့် အလွန်လှပသော ကမ္ဘာလေးအဖြစ်ပုံဖော်ထား၏။ ကျမ်းမြတ်ကုရ်အန်၌လာရှိသည့် အာယတ်တော်တို့တွင်လည်း ကလေးသူငယ်များကို ချစ်မြတ်နိုးသည့် အလ္လာဟ်အချစ်သည်ပေါ်လွင်နေ၏။

“ငါအရှင်မြတ်သည် (မက္ကဟ်) မြို့တော်ကို သက်သေထူတော်မူ၏။ စင်စစ်အသင်သည် (မက္ကဟ်) မြို့တော်၌ ဝင်ခွင့်ပြုခြင်းခံရပေမည်။ ၎င်းအပြင် (ငါအရှင်မြတ်သည်) ဖခင်ကိုလည်းကောင်း ထိုဖခင်ကမွေးဖွားသည့် (သားသမီး) ကိုလည်းကောင်း သက်သေထူတော်မူ၏။” (၉၀း ၁၊ ၂၊ ၃)

ကလေးသူငယ်များကို သတင်းကောင်းများအဖြစ်လည်းကောင်း၊ စက္ခုအစုံကို အေးမြစေသည့် မျက်ရှုများအဖြစ်လည်းကောင်း ကျမ်းမြတ်ကုရ်အန်၌ ဖော်ကျူးထား၏။

“အိုဇက်ကရိယာ၊ အသင့်အား သားငယ်၏ သတင်းကောင်းကိုပါးအံ့။ သူ့အမည်မှာ ယာယာဟုခေါ်လတ္တံ့။” (၁၉း၇)

“အိုအရှင်၊ ကျွန်တော်မျိုးတို့၏ စက္ခုအစုံကို အေးမြစေမည့် ဇနီးကြင်ယာများနှင့် သမီးသားတို့အား ချီးမြှင့်ပေးသနားတော်မူပါ။” (၂၅း၇၄)

မဟာတမန်တော်မြတ်ကြီး၏ ဩဝါဒတော်၌လည်း-

“ကလေးသူငယ်များသည် အမတဘုံ၏ လိပ်ပြာငယ်များဖြစ်၏။”

# ကလေးသူငယ်စောင့်ရှောက်ရေး



## မိခင်ဝမ်းမှမွေးဖွားပြီးစ ပထမကြားအပ်သည့်မင်္ဂလာသံ

အစ္စလာမ်သာသနာတော်သည် ရင်သွေးငယ်အား သုက်ရည်ဘဝ၊ သန္ဓေသားဘဝအသီးသီး၌ လုံခြုံမှုပေးခဲ့သည့်အတိုင်း မိခင်ဝမ်းမှကျွတ်သည့်နောက်ပိုင်းတွင်လည်း လုံခြုံမှုပေးဆဲဖြစ်၏။

ရင်သွေးငယ်ကို မိခင်ဝမ်းမှမွေးဖွားပြီးနောက် လူ့လောကသို့မင်္ဂလာအရှိဆုံးသောစကားလုံးများဖြင့် ခရီးဦးကြိုပြုရ၏။ ရင်သွေးငယ်အားဆေးကြောသုတ်သင်၍ သန့်ပြန့်သွားသောအခါ ယာဘက်နားတွင် အဇာန်ကိုဆိုခြင်းမှာ စွန်နသ်တော်ဖြစ်၏။ ဤသို့ဖြင့် ရင်သွေးငယ်၏ နားတွင်းသို့ အလ္လာဟ်အရှင်မြတ်တစ်ပါးတည်းရှိတော်မူကြောင်း၊ အလ္လာဟ်အရှင်မြတ်သည် ကြီးကျယ်တော်မူကြောင်းနှင့် တမန်တော်မြတ် မုဟာမ္မဒ် (စွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) သည် အလ္လာဟ်အရှင်မြတ်၏ စေတမန်တော်ဖြစ်တော်မူကြောင်းတို့ကို ပထမဆုံး မင်္ဂလာအသံအဖြစ်ကြားသိစေရ၏။ မိခင်နို့ရည်ကို သောက်စို့နေသည့် နို့စို့ကလေးငယ်များအတွက်ကြောင့်လည်းကောင်း၊ သက်ကြီးရွယ်အိုများပျပ်ဝပ်

ရိုကျိုး ရှိခိုးနေခြင်းအတွက်ကြောင့်လည်ကောင်း၊ ကွင်းပြင်စားကျက်များတွင် အစာရှာထွက်နေသည့် တိရစ္ဆာန်ငယ်များအတွက်ကြောင့်လည်းကောင်းမဟုတ်ပါမူ သင်တို့အပေါ်၌ ဆိုးကျိုးများ ပြင်းထန်စွာ ကျရောက်ပေအံ့။

## "သဟ်နီးက်" စွန်နသ်ဓလေ့တော်

သဟ်နီးက်ဟူသည်မှာ ကိုယ်ကျင့်တရားကောင်းသူမွတ်စလင်မ်တစ်ဦးဦးသည် စွန်ပလွန်သီး အခြောက်ဖြစ်စေ၊ အစိုဖြစ်စေကို ဝါးချေလျက် ရင်သွေးငယ်၏အာခံတွင်းသို့ ခွံ့ပေးခြင်းဖြစ်၏။ ယင်းသို့ ခွံ့ပေးခြင်းသည် တမန်တော်မြတ် (စွလ္လလ္လာဟု အလိုင်းဟိဝစလ္လမ်) ကိုယ်တော်တိုင်ကျင့်သုံးတော်မူခဲ့ သဖြင့် ဓလေ့တော်ကိုကျင့်သုံးခြင်းမှာ မွစ်သဟဗ် (ကောင်းသည့်အချက်) ဖြစ်၏။

### ***မည်သူက "သဟ်နီးက်" ပြုသင့်သနည်း***

"ဟဒီးဆ်" ပညာရှင်များက "သဟ်နီးက်" (စွန်ပလွန်သီးခြောက်ဝါးချေ၍ကလေးငယ်အား ခွံ့ပေးသည့် "စွန်နသ်" ဓလေ့တော်)ကို ကိုယ်ကျင့်တရားကောင်းသူတစ်ဦးဦးက ပြုလုပ်လျှင် ပိုကောင်းသည်ဟု မိန့်ဆိုကြ၏။

### ***သဟ်နီးက်ပြုခြင်း၏အကျိုးရလဒ်***

ဟဒီးဆ်ပညာရှင်ကြီးတစ်ပါးဖြစ်သော ပညာရှိသုခမိန် အိုင်နီသခင် (ရဟ်မသွလ္လာဟ်အလိုင်းဟ်) က စွန်ပလွန်သီးကို ဝါးချေ၍ရင်သွေးငယ်အားခွံ့သည့်အကျိုးရလဒ်ကို အောက်ပါအတိုင်းဖွင့်ဆိုထား၏။

ဟဒီးဆ်တော်များ၌ တမန်တော်မြတ် (စွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) က စွန်ပလွန်ပင်အား အမွှမ်းတင်ထားတော်မူ၏။ စွန်ပလွန်ပင်သည် အမြစ်၊ ပင်စည်၊ အခေါက်၊ အကိုင်းအခက်၊ အသီး၊ အရွက်၊ အပွင့်အားလုံး တစ်ခုမကျန် အသုံးဝင်သည်ဟုဆိုထား၏။ စွန်ပလွန်ပင်သည် မွတ်စလင်မ် ကဲ့သို့ဖြစ်၏။ မွတ်စလင်မ်တစ်ဦး၏ ခန္ဓာကိုယ်မှထွက်သည့် လုပ်ရပ်တိုင်းသည် တစ်ခုမကျန် အသုံးဝင် သကဲ့သို့ပင် စွန်ပလွန်ပင်မှ ထွက်သည့်အရာတိုင်းသည်လည်းအသုံးဝင်၏။

ဤသို့ကောင်းချီးမင်္ဂလာအပေါင်းနှင့် ပြည့်စုံသည့် စွန်ပလွန်ပင်၏အသီးကို ရင်သွေးငယ်အား ခွံ့ပေးသည့်သဘောမှာ စွန်ပလွန်ပင်၊ စွန်ပလွန်သီးကဲ့သို့ အကျိုးရှိပြီး၊ ချိုမြသော အီမာန်သက်ဝင် ယုံကြည်ခြင်းသည် ရင်သွေးငယ်၏ရင်တွင်းသို့ ဝင်ရောက်သွားစေရန်နှင့် အမြဲတမ်းဖွံ့ဖြိုးတိုးတက် နေစေရန်ဖြစ်၏။

## ရင်သွေးငယ်အား ခွံ့ကျွေးရန်အကောင်းဆုံးအစာ

ရင်သွေးငယ်အားခွံ့ပေးရန် အကောင်းဆုံးအစာအာဟာရသည် စွန်ပလွန်သီးဖြစ်၏။ စွန်ပလွန်သီးခြောက်မရနိုင်က စွန်ပလွန်သီးအစိုကို အသုံးပြုသင့်သည်။ စွန်ပလွန်သီးအစို မရနိုင်က အခြားစားစရာအချိုတစ်မျိုးမျိုးကို အသုံးပြုသင့်သည်။ အခြားသောအချိုများဟု ဆိုရာတွင် ပျားရည်သည်အကောင်းဆုံးဖြစ်၏။ စားစရာအချိုမရနိုင်က မီးနှင့်ကျိုချက်မထားသည့်အစားအစာတစ်မျိုးမျိုးကိုအသုံးပြုနိုင်၏။

## အမည်ကောင်းမှည့်ခေါ်ခြင်း

ရင်သွေးငယ်များနှင့် စပ်လျဉ်း၍ မိဘများ၏ တာဝန်တစ်ရပ်မှာ ၎င်းအတွက် နာမည်ကို ကောင်းစွာပေးရန်ဖြစ်၏။ အကောင်းဆုံးမှာ ရင်သွေးငယ်၏နာမည်ကို မိမိကိုယ်တိုင်မပေးဘဲ မွတ်စလင်မ်သူတော်စင်တစ်ပါးအားမှည့်ခေါ်စေခြင်းက ပို၍ကောင်း၏။

## အကောင်းဆုံးအမည်

ကိယာမသ်နေ့တွင် ဖခင်ဘက်သို့လည်းကောင်း၊ မိခင်ဘက်သို့လည်းကောင်း ဆက်နွယ်၍ အခေါ်ခံရသော်ငြားလည်း သားသမီး၏အမည်ကို အဓိကအဖြစ်ခေါ်ခံရမည်ဖြစ်သောကြောင့် သားသမီးများ၏အမည်ကို အကောင်းဆုံးအမည်မှည့်ခေါ်သင့်ကြောင်း တမန်တော်မြတ် (စွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) က ဆော်ဩထားတော်မူ၏။ အမည်ကောင်းကိုလည်း ဟဒီးဆ်တော်များတွင် ဖော်ပြထားတော်မူ၏။ ထို့ကြောင့် ဟဒီးဆ်တော်၌ တမန်တော်မြတ် (စွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) က အောက်ပါအတိုင်း မိန့်ကြားတော်မူ၏။

"အသင်တို့သည် နဗီတမန်တော်မြတ်များ၏ အမည်များဖြင့် အမည်မှည့်ခေါ်ကြကုန်။ အလ္လာဟ်အရှင်မြတ် အနှစ်သက်ဆုံးသော အမည်သည် "အဗ္ဗဒွလ္လာဟ်" နှင့် အဗ္ဗဒွရ်ရဟ်မာန်" ဖြစ်၏။

## ဆိုးဝါးသည့်အမည်ဖြင့် မမှည့်ခေါ်ရ

အထက်၌ဖော်ပြခဲ့သည့်အတိုင်း အလ္လာဟ်အရှင်မြတ်အနှစ်သက်ဆုံးဖြစ်သည့် အဗ္ဗဒွလ္လာဟ် အဗ္ဗဒွါရ်ရဟ်မာန်ကဲ့သို့ အမည်များနှင့် နဗီတမန်တော်မြတ်များ၏ အမည်ကိုမှည့်ခေါ်ခြင်းပိုင်သကဲ့သို့

# မိဘမေတ္တာ



မိဘနှင့်သားသမီးအကြား၌တည်ရှိသည့် နီးကပ်ရင်းချာသောဆက်သွယ်မှုသည် လူသား အချင်းချင်းဆက်ဆံမှုတို့တွင် အခိုင်မာဆုံးနှင့်အမွန်မြတ်ဆုံးဖြစ်ပေသည်။

လူသားမျိုးဆက်အစွန့်ရှည်တည်ရှိနေသ၍ ဤသို့သောမိဘသားသမီးဆက်ဆံမှုမျိုး အသေ အချာထွန်းကားတိုးတက်ရှင်သန်နေစေရန်အတွက် အလ္လာဟ်အရှင်မြတ်သည်စောင့်ရှောက်ထိန်းသိမ်း အာမခံတော်မူထား၏။ သားသမီးများအပေါ်၌ရှိသည့်မိဘမေတ္တာမှာလုံးဝဒွိဟသံသယဖြစ်စရာမရှိပေ။ ဤသည်မှာအလ္လာဟ်အရှင်မြတ်၏ နိမိတ်လက္ခဏာတော်နှင့် လူသားတို့အပေါ်၌ ရှာသွန်းဖြိုးစေတော်မူ သည့်ကောင်းချီးမင်္ဂလာတော်ပင်ဖြစ်ပေသည်၊ အရှင်မြတ်ကဤသို့ဗျာဒိတ်တော်မူထား၏။

"ထိုနည်းတူ (ဤသည်လည်း) ထိုအရှင်မြတ်၏ သက်သေလက္ခဏာတော်များအနက်အပါ အဝင်ဖြစ်ပေသည်။ ထိုအရှင်မြတ်သည်အသင်တို့အဖို့ အသင်တို့၏အမျိုးအစားအနက်မှပင် ကြင်ယာ ကြင်ဖက်များကို ၎င်းတို့ထံတွင်အသင်တို့ အနားယူစိတ်ချမ်းသာမှုရရှိကြအံ့သောငှါ ဖန်ဆင်းတော်မူခဲ့၏။

ထိုမှတစ်ပါးထိုအရှင်မြတ်သည်အသင်တို့စပ်ကြား၌ ချစ်ခြင်းမေတ္တာကိုလည်းကောင်း၊ ကြင်နာတရားကိုလည်းကောင်း၊ စီမံပြုလုပ်၍ပေးသနားတော်မူခဲ့၏။" (၃၀း၂၁)

အစ္စလာမ်တရားတော်က အမျိုးသား၊ အမျိုးသမီးတို့ အကြား၌လည်းကောင်း၊ မိန်းကလေးနှင့် ယောကျ်ားလေးများအကြား၌လည်းကောင်း၊ ခွဲခြားမှုမထားပေ၊ အဘယ်ကြောင့်ဆိုသော် အစ္စလာမ်တရားတော်၌ လိင်ကို အကြောင်းပြု၍ ခွဲခြားမှုမရှိပဲ ယောကျ်ား၊ မိန်းမနှစ်ဦးလုံးအား တူညီသောအလေးပေးမှုကို ညွှန်ပြကာ၊ တစ်ဦးခြင်း၏ မြင့်မြတ်သော စွမ်းဆောင်ချက်တို့အပေါ်၌ရင်း၊ မိမိကိုယ်မိမိ မည်မျှတန်ဖိုးထားသည်ဆိုသည့် အချက်ပေါ်၌ရင်း၊ မူတည်ကာ တစ်ဦးနှင့် တစ်ဦးသာလွန်မှုကို အဆုံးအဖြတ်ပေးထားသောကြောင့်ဖြစ်၏။

အလ္လာဟ်အရှင်မြတ်က-

"သို့ဖြစ်ပေရာ ထိုသူတော်တို့ လျှောက်ထားပန်ကြားချက်ကို သူတို့၏ အရှင်မြတ်သည် သဘောတူ လက်ခံတော်မူခဲ့လေပြီ။ အကြောင်းကား ငါအရှင်မြတ်သည် အသင်တို့အနက်မှ မည်သည့်ကောင်းမှုပြုသောသူ၏ ကောင်းမှုကိုမျှ အလဟဿအချည်းနှီးဖြစ်စေတော်မူသည် မဟုတ်သောကြောင့်တည်း။ ထိုကောင်းမှုပြုသူသည် ယောကျ်ားဖြစ်စေ၊ မိန်းမဖြစ်စေ အသင်တို့အညမည အချင်းချင်း တစ်ဦးသည် တစ်ဦး၏ အစိတ်အပိုင်းဖြစ်ပေရာအမိန့်တော်လည်း တစ်မျိုးတစ်စားတည်းပင်ဖြစ်ချေသည်။" (၃း၁၉၅)

မဟာတမန်တော်မြတ်သည် အကြောင်းပြချက်မရှိပဲနှင့် အမျိုးသားတို့အား အမျိုးသမီးများထက်စာလျှင် ပိုပြီး မျက်နှာသာပေးမှုကို ပိတ်ပင်ဟန့်တားခဲ့တော်မူ၏။ ဤနည်းအားဖြင့် အာရပ်တို့၏ စိတ်ဓါတ်နှင့် မိမိကိုယ်မိမိ တန်ဖိုးထားမှုတို့ကို မြင့်တင်ပေးခဲ့တော်မူ၏။ မဟာတမန်တော်မြတ်က ဤသို့ ဩဝါဒချွေတော်မူခဲ့၏။

"အသင်တို့၏ အကောင်းမြတ်ဆုံးရင်သွေးတို့မှာ အအုပ်အထိန်းရှိသည့် မိန်းကလေးများဖြစ်၏။"

တဖန် ဤသို့လည်း မိန့်ဆိုပြန်သေး၏-

"သင်တို့ကလေးများအနက် အကောင်းမြတ်ဆုံးမှာ မိန်းကလေးများဖြစ်၏"

မဟာတမန်တော်မြတ်သည် သမီးတော်ဖွာတေမာနှင့် ပျော်ပျော်ရွှင်ရွှင် ဆက်ဆံသည်ကိုတွေ့ ရသည့် ဆဟာဘာ သာ၀ကတို့က အနည်းငယ် စိတ်မအီမသာဖြစ်နေကြောင်းကို မဟာတမန်တော်မြတ် သတိထားမိ၍ ဤသို့မိန့်ဆိုတော်မူ၏။

"မောင်မင်းတို့ အဘယ်ကြောင့်မရွှင်မလန်းဖြစ်နေကြကုန်သနည်း (သမီးတော်သည်) ငါ့အတွက်ရှူရှိုက်ရန် အလွန်ထုံသင်းပျံ့သည့် ဆင်းရနံ့ရှိသော ပန်းအလှမာလာပင်ဖြစ်၏။ အလ္လာဟ် အရှင်မြတ်သည် သူမအတွက်ဖြည့်ဆည်းပေးတော်မူပေမည်။"

မဟာတမန်တော်မြတ်သည် ကျယ်ပြန့်သော ဖခင်တစ်ဦး၏ အဖြစ်နှင့် အမျိုးသားများကို အမျိုးသမီးများထက် ဦးစားပေးနေသော လူများစု၏ ယုံကြည်ချက်ကိုပြောင်းလဲရန် ကြိုးပမ်းခဲ့ခြင်း ဖြစ်၏။

# မိဘတာဝန်



ရှရီအတ်တရားတော်က မိဘများကို မိမိသားသမီးများ၏ ကာယ၊ စိတ္တ၊ ဉာဏ ဘက်စုံ ရှင်သန်ကြီးထွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်အပ်နှင်းထား၏။ သို့အတွက်ကြောင့် သားသမီးငယ်တို့၏ ရှင်သန်ကြီးထွားမှုကို ဟန့်တားခြိမ်းခြောက်နိုင်သည့် ရောဂါဘယများနှင့် ရန်သွယ်အန္တရာယ်အသွယ်သွယ်မှ ကာကွယ်မှုပေးရန် မိဘများကို အလ္လာဟ်အရှင်မြတ်က တာဝန်တစ်ရပ်အနေနှင့် ပြဋ္ဌါန်းထား၏။

အစ္စလာမ်တရားတော်၌ ပညာရေးဟူသည်မှာ စာအုပ်တစ်အုပ် (သို့မဟုတ်) စာရေးဆရာတစ်ဦးလောက်၏ (စာပေနယ်ပယ်) လောက်ကိုသာ ကန့်သတ်ထားခြင်းမဟုတ်ပေ။ မိမိ၏ အာရုံများနှင့် သိစိတ်တို့မှရယူနိုင်မည့် အသိပညာဟူသမျှကို သင်ကြားရမည်ဖြစ်၍၊ ဝိဇ္ဇာ၊ သိပ္ပံ

အတတ်ပေါင်းစုံတိုင်အောင်ပြန့်ကားကျယ်ပြောပေသည်။ မိဘဝတ္တရားနှင့်ပတ်သက်၍ မဟာတမန်တော်မြတ်ကြီးက-

"သင်တို့၏ရင်သွေးငယ်များကို ချစ်မြတ်နိုး၍၊ ကရုဏာထားကြကုန်လော့၊ ယင်းတို့အားကတိပေးထားပါက ထိုကတိကိုဖြည့်စွမ်းပါလော့၊ အဘယ်ကြောင့်ဆိုသော် သင်တို့၏ပြုစုစောင့်ရှောက်မှုကို သူတို့မျှော်လင့်နေကြသောကြောင့်တည်း။"

"သင်တို့၏ သားသမီးများအပေါ်၌ တာဝန်သိကုန်ကြလော့"

"သင်တို့ကလေးများကိုဂုဏ်ပြု၍ လိမ္မာရေးခြားရှိရန် စာရိတ္တကောင်းများကိုသင်ကြားပေးလော့"

"အကယ်၍ မိမိရင်သွေးတို့အားစည်းကမ်းပေးမှုသည် နေ့စဉ်နေ့တိုင်း လှူဒါန်းခြင်းထက်ပင်မြတ်၏"

"သင်တို့၏ သားငယ်သမီးငယ်တို့ကိုပညာပေးကြကုန်လော့၊ အဘယ်ကြောင့်ဆိုသော် သူတို့သည် သင်တို့နှင့်ခေတ်ချင်းမတူသောကာလ၌ မွေးဖွားလာခြင်းအတွက်ဖြစ်၏။"

"သင့်သားငယ်နှင့် ခုနစ်နှစ်သားအရွယ်တိုင်အောင် အတူတကွကစားပါလော့၊ ခုနစ်နှစ်ပြည့်သည်နှင့် ကလေးကိုစည်းကမ်းစပေးပါလော့၊ နောက်ခုနစ်နှစ်တိုင်သူ့ကို မိတ်ဆွေလိုဆက်ဆံပါလော့၊ ယင်းထက်ကျော်လျှင် သူ့ကိုအမှီအခိုကင်းစွာ လွတ်လွတ်လပ်လပ်နေခွင့်ပြုလော့"

ကလေးငယ်များသည် မိဘတို့၏ (အပြုအမူ၊ အပြောအဆို၊ အကျင့်အကြံ) တို့ကို ရောင်ပြန်ဟပ်ထင်၏။ ကောင်းမွန်သောအကျင့်စာရိတ္တနှင့် စာရိတ္တပုံစံသည် ကလေးငယ်တို့ ဘဝအတွက် အလွန်အရေးကြီးပေသည်။ အစ္စလာမ်က ကလေးငယ်တို့ လွတ်လပ်စွာကြီးပြင်းခွင့်ပြုရန်တောင်းဆို၏။ စွယ်စုံချွန်သည့် လူရည်မွန်လေးများမှာ ကောင်းမြတ်သောပတ်ဝန်းကျင်မှ ထွက်ပေါ်လာ၏။

## ကလေးငယ်အား ဆုံးမပဲ့ပြင်ခြင်း

ကလေးငယ်အား ဆုံးမပဲ့ပြင်ခြင်းနှင့် ပညာပေးခြင်းတာဝန်ကို ဖခင်သာလျှင် ထိုက်ထိုက်တန်တန်ဆောင်ရွက်နိုင်ပေသည်။ မိခင်သည် မြင့်မားသည့် ပညာရေးကို ပေးနိုင်ဖို့မဆိုထားဘိ၊ မိခင်၏

ချစ်ခင်ယုယမှု၊ အလိုလိုက်မှုတို့ကြောင့် ရင်သွေးငယ်ပျက်ဆီးမည်ကိုပင် စိုးကြောက်ရ၏။ထို့ကြောင့် "ဟိဒါယဟ်" "ဖွိကဟ်" ကျမ်းရှင်က - "ကလေးငယ်သည် မိမိကိုယ်မိမိ ထိန်းကျောင်းလာနိုင်သည်နှင့် ယဉ်ကျေးသိမ်မွေ့ရန် ယောကျ်ားတို့၏ စာရိတ္တကောင်း၊ စာရိတ္တမွန်တို့ကို မိမိအတွင်း မွေးမြူကျင့်သုံးရန် အရေးကြီးလာ၏။ ရင်သွေးငယ်အား ဆုံးမသွန်သင်၊ ပညာပေးရန်နှင့် စာရိတ္တကောင်းများပေါ်ထွန်း လာနိုင်ရန် ဖခင်သာလျှင် စွမ်းဆောင်နိုင်၏"။

## ဖခင်ခေါင်းရှောင်၍မရခြင်း

ထို့ကြောင့် သား ခုနစ်နှစ်သားအရွယ်သို့ရောက်ပြီးမှ ရင်သွေးငယ်အား သွန်သင်ဆုံးမခြင်း၊ ထိန်းသိမ်းပဲ့ပြင်ခြင်းတာဝန်မှ ခေါင်းရှောင်နေပါက ခွင့်မလွှတ်သင့်ဘဲ ဖခင်အား အဓမ္မ ယင်းတာဝန်ကို ထမ်းဆောင်ခိုင်းရမည်။ အကြောင်းကား ယင်းအချိန်တွင် ရင်သွေးငယ်အား ကျွေးမွေးရမည့် တာဝန်၊ စောင့်ရှောက်ရမည့်တာဝန်သည် ဖခင်၏ တာဝန်ဖြစ်သောကြောင့်တည်း။

## ဖခင်ခေါင်းရှောင်၍မရသည့်အကြောင်းရင်း

ရင်သွေးငယ် မိခင်ဝမ်းက ကျွတ်သည့်အချိန်မှစ၍ အရွယ်ရောက် လူလားမြောက်သည့်တိုင် ကျွေးမွေးသုတ်သင်ရမည့် တာဝန်သည် ဖခင်၏တာဝန်ဖြစ်၏။ ခုနစ်နှစ်အရွယ်သည် ပြုစုပျိုးထောင်လျက် ပညာပေးရမည့်အရွယ်ဖြစ်၏။ ထို့ကြောင့်ဖခင်သာလျှင် ရင်သွေးငယ်၏လိုအပ်ချက်များကို ဖြည့်ဆည်းပေးရမည်။ ကလေးငယ်တစ်ဦးဦးသည် ဖခင်၏ထောက်ပံ့ကြေးကို မရယူဘဲ မိခင်ထံ၌ ပင်နေမည်ဟု ဆုံးဖြတ်ပါက ကလေးငယ်အားခွင့်မပြုအပ်ပေ။ အကယ်၍ဖခင်၏အဆုံးအမ ထိန်းသိမ်း ပဲ့ပြင်မှုအောက်တွင်ရှိပြီး မိခင်နှင့်အတူနေထိုင်ပါက ယင်းသို့နေထိုင်ခွင့်ပြုသော်လည်း ရင်သွေးငယ် အား မိမိကြမ္မာ မိမိဖန်တီးခွင့်မပြုအပ်ပေ။

## သမီးမိန်းကလေး မိခင်ထံနေထိုင်ရမည့်ကာလတာ

အထက်၌ဖော်ပြပြီးဖြစ်သည့်အတိုင်း သားယောကျ်ားကလေးသည် ခုနစ်နှစ်တိုင် မိခင်ထံတွင် နေခွင့်ရှိသကဲ့သို့ သမီးမိန်းကလေးသည်လည်း အရွယ်ရောက် "ဗာလစ်ဂ်" ဖြစ်သည့်တိုင် မိခင်ထံတွင် လည်းကောင်း၊ ရှရီအသ်တရားတော်အရ မိခင်မရှိသည့်အခါကလေးငယ်အား ပြုစုပျိုးထောင်ခွင့်ရှိသည့် မိခင်၏ ဆွေမျိုးအရင်းချာထံတွင်လည်းကောင်း နေထိုင်ခွင့်ရှိ၏။ အကြောင်းကား သမီးမိန်းကလေးအား

ပြုစုပျိုးထောင်ရာ၌ မိခင်နှင့် မိခင်၏ဆွေမျိုးအရင်းအချာများကဲ့သို့ ဖခင်ဖြစ်သူက ပြုစုထိန်းကျောင်းနိုင်မည်မဟုတ်ပေ။ သမီးမိန်းကလေးအရွယ်ရောက် "ဘာလစ်ဂ်" ဖြစ်သောအခါဖခင်ဖြစ်သူက ဆက်လက်ထိန်းကျောင်းရန်တာဝန်ရှိပေသည်။ သမီးမိန်းကလေး အရွယ်ရောက် လူလားမြောက်သောအခါသမီးငယ်၏ အိန္ဒြေသိက္ခာလုံခြုံမှုကို ဖခင်ဖြစ်သူက စောင့်ရှောက်နိုင်သောကြောင့်လည်းကောင်း၊ သမီးငယ်အား သင့်လျော်သော သူနှင့်ထိမ်းမြားပေးနိုင်စွမ်း ဖခင်တွင် ရှိသောကြောင့်လည်းကောင်းဖြစ်၏။ ဤသို့ အရွယ်ရောက်လူလားမြောက်ပြီးနောက် သမီးမိန်းကလေးသည် မိခင် သို့မဟုတ် အဖွားနှင့်အတူနေထိုင်သော်လည်း ဥပဒေအရ ဖခင်တွင်ထိန်းကြောင်းပိုင်ခွင့်ရှိ၏။

## မိခင်နှင့်ဆွေမျိုးအရင်းအချာများ၏ ထိန်းသိမ်းစောင့်ရှောက်ခွင့်စဉ်ဆက်

ကလေးငယ်၏ မိခင်ကွယ်လွန်သေဆုံးသွားလျှင်လည်းကောင်း၊ ရှရီအသ်တရားတော်၏ အဆုံးအဖြတ်တစ်စုံတစ်ရာကြောင့်လည်းကောင်း၊ မိခင်သည်ကလေးငယ်အားထိန်းသိမ်းစောင့်ရှောက်ခွင့်မရရှိတော့သည့်အခါ ကလေးငယ်၏ဆွေမျိုးရင်းချာများသည်အောက်ပါအစဉ်အတိုင်း ကလေးငယ်အားထိန်းသိမ်းစောင့်ရှောက်ကြရပေမည်။

၁။ အဖွား (နာနီ) မိခင်၏အမေ
၂။ အဖွား (ဒါဒီ) ဖခင်၏ အမေ
၃။ အစ်မရင်းများ
၄။ အဒေါ်(ခါလာ)- မိခင်၏ ညီအစ်မများ
၅။ အဒေါ် (ဖူဖီ) -ဖခင်၏ အစ်မ/နှမများ
၆။ အဖွား - မိခင်ဖခင်တို့၏ ခါလာ၊ ဖူဖီ (အဒေါ်) များ

ကလေးငယ်၏ အထက်ပါဆွေမျိုးရင်းခြာများမရှိတော့ပါက ကလေးငယ်၏ဖခင်ဘက်မှ ဆွေမျိုးသားချင်းများသည် ကလေး၏အမွေဆက်ခံရာ၌ ခံစားထိုက်သည့်နည်းတူ အောက်ပါအစဉ်အတိုင်း ကလေးငယ်အား ထိန်းထိမ်းစောင့်ရှောက်ခွင့်ရှိသည်။

၁။ အဖေ
၂။ အဖိုး (ဒါဒါ) ဖခင်၏အဖေ
၃။ ညီအစ်ကိုအရင်းများ

၄။ အဖေတူအမေကွဲ ညီအစ်ကိုများ
၅။ ညီအစ်ကို အရင်း၏သားများ (တူများ)
၆။ အဖေတူအမေကွဲ ညီအစ်ကို၏သားများ (တူများ)
၇။ ဦးလေး (ကျာကျာ)
၈။ ညီအစ်ကို တစ်ဝမ်းကွဲများ (ကျာကျာ၏သားများ)

## ဖွာစစ်က် (သူယုတ်မာ) ထံကလေးငယ်အား မအပ်နှံပိုင်ခြင်း

ဖခင်ဖက်မှ ဆွေမျိုးရင်းချာများ ကလေးငယ်အား ပြုစုပျိုးထောင်နိုင်သည်ဟု ဆိုရာ၌ အကျင့်စာရိတ္တမကောင်းသည့် ဆွေမျိုးရင်းချာကိုမဆိုလိုပေ။ အကယ်၍ ဆွေမျိုးရင်းချာဖြစ်သူသည် အကျင့်စာရိတ္တကောင်းမြတ်သူမဟုတ်ဘဲ သူယုတ်မာဖြစ်ပါက ၎င်းသည် ကလေးငယ်အား ထိန်းသိမ်းစောင့်ရှောက်ခွင့်မရှိပေ။ ကလေးငယ်အားထိန်းသိမ်းစောင့်ရှောက်ခွင့်ရှိသူသည်ဘာသာရေးကိုင်းရှိုင်းသူဖြစ်ပြီး သမာသမတ်ရှိသူလည်းဖြစ်ရမည်။ ကလေးငယ်၏ တစ်ဆင့်တည်းသော သားချင်းနှစ်ဦးရှိပါက ဘာသာရေးပိုမိုကိုင်းရှိုင်းသူ၊ သမာသမတ်ပိုရှိသူအား ဦးစားပေးရမည်။ ဥပမာ-ဖခင်၏ ညီနှစ်ဦးရှိပါက ဘာသာရေးပိုမိုကိုင်းရှိုင်းသူ၊ သမာသမတ်ပိုရှိသူအားဦးစားပေးသင့်၏။ အရည်အချင်းမကွာခြားလှပါက ပိုမိုအသက်ကြီးသူအားဦးစားပေးရမည်။

အကယ်၍ "အစ္စဗာသ်" ဖခင်၏ ဆွေမျိုးရင်းခြာများမရှိပါက "ဇဝိလ်အရ်ဟာမ်" မိခင်၊ ဖခင်တို့၏ဆွေမျိုးသားချင်းများကို ကလေးငယ်အားပြုစုပျိုးထောင်ခွင့်ပေးသင့်၏။

## မွတ်စလင်မ်တိုင်းအား အစ္စလာမ်ကပေးထားသည့်အခွင့်အရေး

အစ္စလာမ်သာသနာသည် "မွတ်စလင်မ့်ရင်သွေး" အားမည်သည့်အခြေအနေတွင်မှအားကိုးမဲ့စွာမထားပေ။ ကလေးငယ်၏ အခွင့်အရေးတစ်ရပ်ရပ်ကို အမြဲတမ်းချမှတ်ထားပေသည်။ အစ္စလာမ်သာသနာအား လက်ခံကျင့်သုံးသူ မွတ်စလင်မ်တိုင်းအတွက် လူ့အခွင့်အရေး၊ လူ့သိက္ခာစသည်တို့နှင့်ပတ်သက်၍ လုံခြုံမှုပေးထားသည်မှာပြိုင်စံရှားလှ၏။ ထို့ကြောင့် "ဖိုကဟ်" ပညာရှင်များ၏အဆိုအမိန့်အရ "မွတ်စလင်မ်" တစ်ဦး၏သိက္ခာသည် "ကအ်ဗာ" ကျောင်းတော်၏ သိက္ခာထက်ပင်များပြား၏။

# ရင်သွေးအတွက်အကောင်းဆုံးလက်ဆောင်

မေတ္တာကရုဏာဖြင့် ပြည့်လျှံနေသောမိခင်၏ရင်ခွင်သည် ရင်သွေးငယ်များအဖို့ ပထမဆုံး စာသင်ကျောင်းဖြစ်သည်ကို လူတိုင်းနားလည်သဘောပေါက်ကြပေသည်။ တီတီတာတာချစ်စရာ အရွယ်တွင် ဖခင်၏မေတ္တာသည်လည်း ကြီးမားသည်။ ကလေးငယ်အားမိဘတို့က တစ်သက်လုံး မကုန်ခမ်းနိုင်သည့် လက်ဆောင်ကိုပေးလိုကြသည်မှာဓမ္မတာပင်ဖြစ်၏။ ယင်းလက်ဆောင်ကို ပြပေးတော်မူသောကျေးဇူးရှင်မှာတမန်တော်မြတ်ပင်ဖြစ်၏။ တမန်တော်မြတ် (စွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) က မိန့်ကြားတော်မူသည်မှာ-

"ဖခင်တစ်ဦးက မိမိ၏သားသမီးများအား ချီးမြှင့်သည့် လက်ဆောင်များအနက် လိမ္မာရေးခြား ရှိအောင်သွန်သင်ခြင်းထက်သာမြတ်သောလက်ဆောင်ဟူ၍မရှိ" ဟူ၍ဖြစ်၏။

စင်စစ်ရင်သွေးငယ်များသည် မိဘတို့ထံမှရရှိခဲ့သည့် လက်ဆောင်များအနက် လိမ္မာရေးခြားရှိခြင်းထက်သာ၍မြတ်သည့် လက်ဆောင်မှာမည်သည့်လက်ဆောင်မှ မဖြစ်နိုင်ပေ။ အကြောင်းမှာလိမ္မာရေးခြားရှိခြင်းဖြင့် ၎င်း၏ဘဝတစ်ခုလုံးလုံခြုံမှု၊ ငြိမ်းချမ်းသာယာမှု၊ လုပတင့်တယ်မှုရှိနိုင်ပြီး၊ လိမ္မာရေးခြားမရှိပါက ၎င်း၏ အနာဂတ်အရေး ရင်လေးရတတ်သည်မှာ ယုံမှားဖွယ်မရှိပေ။ ထို့ကြောင့် မိဘများသည် မိမိတို့ရင်သွေးငယ်များအား လိမ္မာရေးခြားရှိအောင်ကြိုးစားဆောင်ရွက်ကြရမည်ဖြစ်၏။

# မိဘတို့၏ဝတ္တရား



အဗ်ဒွလ္လာဟ်ဗင်န်အဗ္ဗားစ် (ရသွိယလ္လာဟုအန်ဟု) က တမန်တော်မြတ် (စွလ္လလ္လာဟု အလိုင်းဟိဝစလ္လမ်) ၏မိန့်ကြားချက်ကိုဆင့်ပြန်သည်မှာ- "သားသမီးများနှင့်စပ်လျဉ်း၍ ဖခင် ဆောင်ရွက်ရမည့်ဝတ္တရားများမှာ သားသမီးအား အမည်ကောင်းမှည့်ပေးရမည်။ သားသမီးများအား လိမ္မာရေးခြားရှိသည်ထက်ရှိအောင် သွန်သင်ဆုံးမပေးရမည်။

## လိမ္မာရေးခြားရှိရေးအတွက်ဖခင်မှာအဓိကတာဝန်ရှိခြင်း

အထက်ပါ ဟဒီးဆ်တော်တွင် သားသမီးများလိမ္မာရေးခြားရှိအောင် ဆောင်ရွက်ရမည့်တာဝန် ခံသည် ဖခင်ဖြစ်၏ဟုဆိုထားပြီး မိခင်ဟု မဆိုခြင်း၏အကြောင်းခံသည်ကား ဖခင်သည်အိမ်ထောင်

ဦးစီးဖြစ်သောကြောင့်တည်း။ ရင်သွေးငယ်သည် မိမိအပေါ် မိခင်၏မေတ္တာကြီးမားခြင်းကိုသိ၍ ရံဖန်ရံခါ မိခင်အပေါ် အနိုင်ယူဗိုလ်ကျတတ်၏။ အစ္စလာမ်တရားတော်အရ ဖခင်အား မိခင်ထက်သာပိုသည့် အိမ်ထောင်ဦးစီးအဆင့်ကို ချီးမြှင့်ထားပြီး ဖခင်တွင်တွေးခေါ် မြော်မြင်နိုင်စွမ်းပိုမိုရှိသဖြင့် ရင်သွေးငယ်အား ထိန်းကျောင်းပဲ့ပြင်ရမည့် တာဝန်အပါအဝင် အိမ်ထောင်၏ကြီးမားသည့်တာဝန်များကို ဖခင်အား ပေးထားခြင်းဖြစ်၏။ ဤသို့ဆိုခြင်းအားဖြင့် မိခင်တွင် သားသမီးတာဝန်လုံးဝမရှိတော့ဟုမဆိုနိုင်ပါ။ တမန်တော်မြတ် (စွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) ၏အောက်ပါမိန့်ကြားချက်အရမိခင်တွင်လည်း သားသမီး တာဝန်ရှိကြောင်းသိရှိနိုင်၏။

"သင်တို့အားလုံးအနက် တစ်ဦးတိုင်းသည် ထိန်းကျောင်းသူများဖြစ်ကြ၏ (တာဝန်ရှိ၏)။ သင်တို့သည် ထိန်းကျောင်းသူများ (တာဝန်ရှိသည့်) ဖြစ်သည့်အလျောက် မိမိတို့၏လက်အောက်ငယ်သားများနှင့် စပ်လျဉ်း၍စစ်ဆေးမေးမြန်းခြင်းကိုခံကြရပေမည်။"

## မိခင်၏တာဝန်

ဖခင်သည်အိမ်ထောင်ဦးစီးဖြစ်သည့်အလျောက် မိမိလက်အောက်ငယ်သားများအား ထိန်းသိမ်းစောင့်ရှောက်ရမည့်တာဝန်၊ ၎င်းတို့၏ကောင်းကျိုးဆိုးကျိုးများကိုရအောင်၍ ဆိုးကျိုးများမှရှောင်ရှားနိုင်အောင် စီမံဆောင်ရွက်ရမည့်တာဝန်၊ ပညာပေးခြင်းနှင့် လိမ္မာရေးခြားရှိအောင် အခြေအနေများဖန်တီးပေးရမည့်တာဝန်ထမ်းဆောင်ရသကဲ့သို့ မိခင်အနေနှင့်လည်းရင်သွေးငယ်၏စာရိတ္တပိုင်းဆိုင်ရာချို့ယွင်းမှုတစ်ခုခုမရှိရအောင် စောင့်ကြည့်ဆုံးမရန်တာဝန်ရှိ၏။

သို့သော် ဖခင်သည် မိခင်ကဲ့သို့မဟုတ်ဘဲ ဖခင်၏တာဝန်သည် ဇနီး၊ သားသမီး၊ အိမ်ရှိလက်အောက်ငယ်သားအားလုံးနှင့် စပ်လျဉ်း၍ အဓိကတာဝန်ခံဖြစ်၏။ တာဝန်ခံဖြစ်သဖြင့် ယင်းတို့နှင့် စပ်လျဉ်း၍ စစ်ဆေးမေးမြန်းခြင်းလည်းခံရမည်ဖြစ်၏။

"အမျိုးသမီးသည် မိမိခင်ပွန်း၏အိမ်နှင့် သားသမီးများအား ထိန်းသိမ်းစောင့်ရှောက်သူဖြစ်သည့်အလျောက် ယင်းတို့နှင့်ပတ်သက်၍ စစ်ဆေးမေးမြန်းခြင်းခံရမည်" ဟူ၍ဖြစ်၏။

## မိဘတို့၏စာရိတ္တသည် ရင်သွေးငယ်တို့အပေါ်ရောင်ပြန်ဟပ်နိုင်

သားငယ်သမီးငယ်တို့၏ စာရိတ္တကောင်းမွန်စေရန် ဦးစွာပထမ မိဘများ စာရိတ္တကောင်းမွန်ရမည်ဖြစ်၏။ မိဘများ၏စာရိတ္တကောင်းမွန်ပါမှသားသမီးများ၏စာရိတ္တကောင်းမွန်မည်ဖြစ်၏။ မိဘများသည် သာသနာ့ပညတ်ချက်များအား လေးစားတန်ဖိုးထားက ယင်းမိဘများ၏သွေးမှဆင်းသက်လာသော ရင်သွေးငယ်များသည်လည်း သာသနာ့ပညတ်ချက်များ၊ သာသနာရေးကိစ္စများကို မုချချစ်ခင်လေးစားမည်ဖြစ်၏။

ကလေးများ ယဉ်ကျေးခြင်း၊ လိမ္မာခြင်းမှာ မိဘတို့၏ ပြုစုပျိုးထောင်မှု၊ သွန်သင်ဆုံးမမှု၊ အသိပညာပေးမှုကြောင့်ဖြစ်၏။ ပုံစံအားဖြင့် လယ်သမားတစ်ဦးသည် မိမိစိုက်ပျိုးသည့် လယ်ယာမှ မိမိကြိုးပမ်းသည်နှင့်အမျှ အကျိုးခံစားနိုင်၏။ ထိုနည်းတူပင် မိခင် ဖခင်တို့သည်လည်း မိမိတို့ ကလေးများအပေါ် ကြိုးပမ်းသည်နှင့်အမျှ ကလေးငယ်များသည်လည်း ဖွံ့ဖြိုးတိုးတက်လာကြမည်ဖြစ်သည်။

# ကလေးငယ်ဖွံ့ဖြိုးကြီးထွားမှုနှင့် မိခင်နို့ရည်တိုက်ကျွေးမှု




အောက်ဖော်ပြပါ ကောက်နုတ်ချက်တို့မှာ အစ္စလာမ်ဓမ္မက ကလေးသူငယ်ရှင်သန်မှုနှင့် ဖွံ့ဖြိုးကြီးထွားမှုသည်အလွန်အရေးကြီး၍ ပဓါနကျကြောင်းနှင့် ယင်းအချက်တို့ကို လျစ်လျူရှုခြင်း၊ ပေါ့လျော့ခြင်းတို့မှာ ကြီးမားသောအပြစ်ထိုက်ကြောင်းကို ပြညွှန်ထားသည့် ယေဘုယျဥပဒေနှင့် လမ်းညွှန်ချက်များဖြစ်၏။

"ထို့ပြင် မိမိကိုယ်ကိုအဆုံးစီရင် (ပျက်စီး) ခြင်း မပြုလေနှင့်" (၄း၂၉)

"အလ္လာဟ်အရှင်မြတ်က အထွတ်အမြတ်ပြုထားသည့် အသက်ကို တရားမျှတမှုနှင့် ဥပဒေဘောင်အတွင်းမှအပ မသတ်လေနှင့်" (၆း၁၅၁)

"သင်တို့ ကလေးများကို မသတ်လေနှင့်" (၆း၁၅၀-၁၅၁)

"ဧင်းအပြင် အကြင်သူများသည် ကြောက်ရွံ့ရပေမည်၊ အကယ်၍ ထိုသူများသည် မိမိတို့နောက်၌ အင်အားချည့်နဲ့သော ကလေးများကို စွန့်ထား၍ (သေဆုံး) ကြရသည်ရှိသော် ထိုကလေးများနှင့် ပတ်သက်၍ စိုးရိမ်ပူပန်ပေမည်။ သို့ဖြစ်ပေရာ ထိုသူတို့သည် (ဘဝမဲ့ကလေးများနှင့်ပတ်သက်၍) အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ကြရပေမည်။ ဧင်းပြင် (တရားမျှတသော) ဖြောင့်မတ်မှန်ကန်သောစကားကို ပြောဆိုကြရပေမည်။" (၆း၉)

"အို ယုံကြည်သူအပေါင်းတို့ သင်တို့ကိုယ်တိုင်နှင့် သင်တို့ မိသားစုကိုပါ အပါယ်ငရဲမီးဘေးမှ ကင်းဝေးရန် ကယ်တင်ကြကုန်လော့"

ထို့ပြင် သင်တို့လက်များဖြင့် သင်တို့၏ ပျက်စီးရာပျက်စီးကြောင်းကို မဖြစ်ပါစေနှင့်" (၂း၁၉၅)

မဟာတမန်တော်မြတ်၏ ဩဝါဒတော်၌-

"မိမိအား မှီခိုနေရသည့် အုပ်ထိန်းခံများအား လျစ်လျူရှုခြင်းထက် ကြီးလေးသောအပြစ်သည်မရှိပြီ။"

ကျမ်းမြတ်ကုရ်အာန်၌ ကလေးတစ်ဦးမွေးဖွားပြီးနောက် မိခင်နို့ရည်ကို အပြည့်အဝ သောက်သုံးခွင့်ရနိုင်၏။ ကျမ်းမြတ်ကုရ်အာန်တွင်-

"လူသားတို့အား ဧင်းတို့၏ မိဘများအပေါ်၌ ကြင်နာယုယချစ်ခင်ရန် ငါပြဋ္ဌါန်းထားတော်မူ၏။ မိခင်သည် ဒုက္ခဝေဒနာမြောက်များစွာဖြင့် မီးဖွားရ၏။ ကလေးငယ်အား မိခင်နို့မြတ်ကို အခြားအစာအာဟာရစားရန်အရွယ်မှာ လပေါင်းသုံးဆယ်အရွယ်ဖြစ်၏။"

"သတ်မှတ်ချက်ကို အပြည့်အဝရှက်ဆောင်လိုသူများအတွက် မိခင်သည်၊ မိမိရင်သွေးတစ်နှစ်ပြည့်အောင် မိမိနို့ရည်ကိုတိုက်ကျွေးရမည်။" (၂း၂၃၃)

## မော်လာနာအရှ်ရဖ်အလီထာနဝီ၏ အကျယ်ဖွင့်ဆိုချက်

မိခင်သည် မိမိ ခင်ပွန်းနှင့် ဆက်လက်ပေါင်းသင်းသည်ဖြစ်စေ၊ မပေါင်းသင်းဘဲနေသည် ဖြစ်စေ မိမိ၏ ရင်သွေးငယ်များကို (၂) နှစ်တင်းတင်းပြည့်သည့်တိုင် နို့တိုက်ကြရမည်။ (၂) နှစ်ဟူသော အဆိုပါ နို့တိုက်ကာလသည် ရင်သွေးငယ်အား နို့တိုက်ကာလအပြည့် နို့တိုက်ကျွေးလိုသည့် မိခင်များ အတွက်ဖြစ်၏ (၂) နှစ်ပြည့်အောင် နို့မတိုက်ကျွေးလိုဘဲ နို့ဖြတ်လိုကလည်း ဖြတ်ခွင့်ရှိကြောင်း လာရှိထား၏။ ရင်သွေးငယ်၏ မိခင်အား ကျွေးမွေးခြင်းနှင့် အဝတ်အစားဆင်ပေးခြင်းအတွက်ဖခင် တွင် တာဝန်ရှိ၏။ အလ္လာဟ်အရှင်မြတ်၏ ဘက်တော်မှ မည်သူတစ်ဦးတစ်ယောက်ကိုမှ မိမိ စွမ်း ဆောင်နိုင်သည်ထက်ပို၍ စေခိုင်းထားခြင်းမရှိ။ ရင်သွေးငယ်အားနို့တိုက်ကျွေးခြင်းတာဝန်သည် မိခင်အဖို့လွယ်ကူသည့် တာဝန်ပေးထားခြင်းဖြစ်၏။ မိခင်အဖို့ ရင်သွေးငယ်အား အကြောင်းပြု၍ ဒုက္ခမဖြစ်စေရ။ ဖခင်အားလည်းရင်သွေးငယ်အား အကြောင်းပြု၍ ဒုက္ခမဖြစ်စေရ။ မိခင်သည် နို့တိုက် ကျွေးရန် မစွမ်းနိုင်သည်ကိုသိပါလျှက် နို့တိုက်ကျွေးရမည့် တာဝန်သည် မိခင်၏တာဝန်ဖြစ်သဖြင့် မိခင်သည်သာ တိုက်ကျွေးရမည်ဟု ဇွတ်အဓမ္မတောင်းဆိုခြင်းမှာ မိခင်အားဒုက္ခပေးခြင်းဖြစ်၏။ ထိုနည်းတူပင် ဖခင်ဆင်းရဲနွမ်းပါးနေသည်ကိုသိပါလျှက် ဖခင်သည်သာ နို့တိုက်ကျွေးရမည့်စရိတ်ကို ကျခံရမည့်တာဝန်ရှိသည့်အလျောက် အခြားနို့ထိန်းသည် တစ်ဦးဦးအား ငှါးရမ်းတိုက်ကျွေးစေခြင်း မှာလည်း ဖခင်အား ဒုက္ခပေးခြင်းဖြစ်၏။ အကယ်၍ ရင်သွေးငယ်၏ဖခင်သည် သက်ရှိထင်ရှားမရှိ ပါက ရင်သွေးငယ်အား ပြုစုပျိုးထောင်ရမည့် တာဝန်သည် ရင်သွေးငယ်၏ဖခင် ကွယ်လွန်သေဆုံး ပြီးနောက် ၎င်း၏ အမွေစားအမွေခံများ၏ တာဝန်ဖြစ်ပေမည်။

အထက်ပါ "အာယသ်" တော်အရရင်သွေးငယ်များအား ပြုစုပျိုးထောင်ခြင်းသည်မိဘများ၏ တာဝန်ဖြစ်ပြီး ရင်သွေးငယ်များအား အနာဂတ်တွင် နစ်နာဆုံးရှုံးစေမည့် ဆောင်ရွက်ချက်မျိုးမှ တားမြစ်ထားပေသည်။

## အုံ့ဖွယ်မိခင်နို့ရည်

ရှရီအသ်တရားတော်သည်ရင်သွေးငယ်အား ပြုစုပျိုးထောင်ရမည့်မိဘတို့၏တာဝန်အသီးသီး ကို ၎င်းတို့စွမ်းဆောင်နိုင်သည့်အတိုင်းအတာတွင်သတ်မှတ်ထားပြီး မဆောင်ရွက်နိုင်သည့်တာဝန်ကို ပေးမထားပေ။ မီးမဖွားမီ မိခင်၏သားမြတ်တွင်အလျဉ်းမရှိသည့်နို့ချိုရည်ကိုမီးဖွားပြီးလျှင်ပြီးချင်းသားမြတ် တွင် စမ်းအိုင်သဖွယ်ဖြစ်ပေါ်စီးဆင်းစေပြီး ရင်သွေးငယ်၏ဆာလောင်မွတ်သိပ်ခြင်းကိုပြေပျောက်စေ ၏။ မီးဖွားပြီးနောက် စီးဆင်းလာသော နို့ရည်သည် ကာယကံရှင်၌ ရောဂါမရှိသမျှ ခန်းခြောက်ခြင်း မရှိဘဲအမြဲမပြတ်စီးဆင်းနေခြင်းမှာအံ့ဖွယ်ရာပင်ဖြစ်၏။ ထို့ကြောင့်ရှရီအသ်တရားတော်အရ မိခင်များ သည်ရင်သွေးငယ်ကို နို့ချိုတိုက်ကျွေးရာတွင် နှမြောတွန့်တိုခြင်းအလျဉ်းမရှိအပ်ပေ။

## မိဘများ၏ တာဝန်အသီးသီးရှိခြင်း

ဖခင်သည် မိခင်ကဲ့သို့ ရင်သွေးငယ်အား အသက်ရှင်စေနိုင်သည့် နို့ချိုရည်ကို မပိုင်သော်လည်း အခြားသော စွမ်းဆောင်နိုင်စွမ်းကို ပိုင်ဆိုင်ရရှိထား၏။ ဖခင်သည် တွေးတောကြံဆ၊ ကြိုးစားလျှက် (ဟလာလ်) စားပိုင်သော ရိုဇီရိက္ခာကို မိခင်အား ရက်ရက်ရောရော ကျွေးမွေးသင့်၏။ မိခင် ကောင်းကောင်းစားပါမှ နို့ရည်များများထွက်ပြီး ယင်းနို့ရည်ကို အကြောင်းပြု၍ ရင်သွေးငယ်၏ ကာယ၊ ဉာဏစွမ်းအားများ တိုးတက်ဖွံ့ဖြိုးလာမည်ဖြစ်၏။

## နို့တိုက်ကာလတွင်ရှောင်ကြဉ်အပ်သည့်ကိစ္စ

နို့တိုက်ကာလတွင် မိခင်အား စိတ်မချမ်းမြေ့စရာများမှ ရှောင်ရှားသင့်၏။ မိခင်၏ စိတ်မချမ်း မြေ့ခြင်းကြောင့် ရင်သွေးငယ်ကိုပါ ထိခိုက်လာနိုင်၏။

အကောင်းဆုံးမှာ မိဘနှစ်ပါးသည် ရင်းနှီးချစ်ခင်စွာဖြင့် ရင်သွေးငယ်အား ပြုစုပျိုးထောင် သင့်၏။ အကယ်၍ အကြောင်းတစ်ခုခုကြောင့် မိဘ တစ်ဦးနှင့် တစ်ဦးအချင်းများ၍ အငြင်းပွါးပါက လည်း ရင်သွေးငယ်အား နို့တိုက်ကျွေးရမည့် တာဝန်သည် အစ္စလာမ့်တရားတော်အရ မိခင်၏ တာဝန် ဖြစ်၏။ အကြောင်းကြောင်းကြောင့် လောကီရေးရာများကို စီရင်ဆုံးဖြတ်သော တရားသူကြီးကမိခင်၏ တာဝန်မဟုတ်ဟု စီရင်ဆုံးဖြတ်လိုက တရားသူကြီးတွင် စီရင်ဆုံးဖြတ်ခွင့်ရှိ၏။ ထိုအခါ ဖခင်မှ တာဝန်ယူလျှက် နို့ထိန်းသည်အား အခကြေးငွေပေး၍ ရင်သွေးငယ်အား နို့တိုက်ကျွေးစေရမည်။

သို့ရာတွင် ရင်သွေးငယ်သည် မိခင်၏ နို့ရည်မှလွဲ၍ အခြားအမျိုးသမီးတစ်ဦးဦး၏ နို့ရည် ကို မစို့လျှင်ဖြစ်စေ၊ ဖခင်သည် ဆင်းရဲနွမ်းပါးသူဖြစ်ပြီး နို့ထိန်းသည်တစ်ဦးဦးထံ အခကြေးငွေပေး၍ ရင်သွေးငယ်အား အပ်နှံရန်မစွမ်းနိုင်သည်ဖြစ်စေ မိခင်ဖြစ်သူကပင် ရင်သွေးငယ်အားမလွှဲမသွေ နို့တိုက် ကျွေးရန်မှာ “ဝါဂျစ်ဗ်” မပြုမနေရတာဝန်ဖြစ်၏။

## နို့တိုက်ကျွေးသည့် ကုန်ကျစရိတ်ကို ဖခင်မှကျခံရခြင်း

ရင်သွေးငယ်အား နို့တိုက်ကျွေးရသည့် ကုန်ကျစရိတ်ကို ဖခင်က ကုန်ကျခံရသည့် အကြောင်း ရင်းမှာ ဖခင်သည်အများအားဖြင့် ဤတာဝန်ကို ထမ်းဆောင်နိုင်စွမ်းရှိခြင်းနှင့် ရင်သွေးငယ်၏မျိုးနွယ် စဉ်ဆက်သည် ဖခင်နှင့်တိုက်ရိုက်ဆက်နွယ်ခြင်းကြောင့်ဖြစ်၏။

## မိခင်နို့တိုက်ရမည့် တာဝန်ရှိခြင်း

မိခင်သည် ရင်သွေးငယ်အား နို့တိုက်ခြင်းနှင့်စပ်လျဉ်း၍ ဖခင်ဖြစ်သူကစီမံပေးရမည်။ အကယ်၍ နို့ထိန်းသည်မရပါက မိခင်သည် ရင်သွေးငယ်အားစိတ်ပါဝင်စားစွာ၊ သတ္တိရှိရှိဖြင့် ရင်သွေးငယ်အား မဖြစ်မနေနို့တိုက်ရမည်။ ဤအခြေအနေတွင် နို့မတိုက်နိုင်ဟု ငြင်းဆန်ခွင့်မရှိပေ။

## နို့တိုက်ခွင့်မိခင်အရထိုက်ဆုံးဖြစ်ခြင်း

အထက်ပါ အခြေအနေသည် မိခင်ဖြစ်သူက နို့တိုက်ခြင်းကို လက်မခံဘဲ ငြင်းဆိုသည့် အခြေအနေမျိုးဖြစ်၏။ မိခင်ဖြစ်သူသည် မိမိရင်သွေးအား နို့တိုက်လိုပါက မိခင်သည်အခြားသူများထက် နို့တိုက်ကျွေးခွင့်ကို ပိုမိုရရှိပေမည်။ ဖခင်ဖြစ်သူသည် မိခင်နှင့် ၎င်း၏ရင်သွေးအား ခွဲလိုပါက ခွဲပိုင်ခွင့်မရှိပေ။

## တမန်တော်မြတ် (စွလ္လလ္လာဟုအလိုင်းဟိစလ္လမ်) ၏ ဆုံးဖြတ်ချက်

ဟဒီးဆ်တော်တစ်ရပ်တွင်လာရှိသည်မှာ အမျိုးသမီးတစ်ဦးသည် တမန်တော်မြတ် (စွလ္လလ္လာဟုအလိုင်းဟိစလ္လမ်) ထံတော်ပါးသို့လာရောက်လျှက် ဝမ်းနည်းကြေကွဲစွာဖြင့် အောက်ပါအတိုင်း လျှောက်ထား၏။ "ကျွန်တော်မျိုးမရဲ့ ဤသားငယ်ကလေးအတွက် ကျွန်တော်မျိုးမ၏ ဝမ်းဗိုက်သည် လုံခြုံသည့် ဌါနဖြစ်ပါတယ်။ ကျွန်တော်မျိုးမရဲ့ ရင်သားများသည် ဤသားငယ်ကလေးအတွက် စမ်းရေအိုင်သဖွယ်ဖြစ်ပါတယ်။ ကျွန်တော်မျိုးမရဲ့ရင်ခွင်ဟာ ကျွန်တော်မျိုးမရဲ့ခင်ပွန်းဖြစ်သူ (ကလေးရဲ့အဖေ) က ကျွန်တော်မျိုးမအား သလာကဲပေးရုံမက ကျွန်တော်မျိုးမရဲ့ရင်နှစ်သည်းချာကိုပါ ကျွန်တော်မျိုးမနှင့် ခွဲပစ်ရန်လုပ်ဆောင်နေပါတယ်။

အဆိုပါအမျိုးသမီး၏ ရင်နင့်ဖွယ်ဖြစ်ရပ်ကို နားဆင်တော်မူပြီးနောက် တမန်တော်မြတ် (စွလ္လလ္လာဟုအလိုင်းဟိစလ္လမ်) က အောက်ပါအတိုင်းဆုံးဖြတ်တော်မူလိုက်၏

"အသင်မ သူစိမ်းတစ်ဦးဦးနှင့် "နေကာဟ်" မပြုသမျှကာလပတ်လုံး ကလေးငယ်အား ပြုစုပျိုးထောင်ရမည့် အခွင့်အရေးသည် အသင်မ၏အခွင့်အရေးသာဖြစ်သည်။"

## မိခင်အား ဦးစားပေးရသည့်အကြောင်းရင်း

ရင်သွေးငယ်အားပြုစုပျိုးထောင်ရန် မိခင်အား အခြားဆွေမျိုးရင်းချာများထက် ဦးစားပေးရခြင်း၏အကြောင်းရင်းမှာ ရင်သွေးငယ်အပေါ် မိခင်၏ ကြင်နာယုယခြင်းကြောင့်ဖြစ်၏။ ထို့ကြောင့် ခလီဖ္ဖာသမ္မတကြီး အဗူဗတ်က်ရ် (ရသွိယလ္လာဟုအန်ဟု) သခင်က အောက်ပါအတိုင်း မိန့်ကြားခဲ့၏။

"မိခင်၏ တံတွေးသည် ရင်သွေးငယ်အတွက် ပျားရည်ထက်ပင် ပိုမိုကောင်းမွန်၏"

## မိခင်ပြုစုပျိုးထောင်ပိုင်ခွင့်၏ကာလတာ

ရင်သွေးငယ်အား ပြုစုပျိုးထောင်ရန် ရရှိသည့်အချိန်အတိုင်းအတာမှာ ကလေးငယ် ခုနစ်နှစ်သားအရွယ်သို့ရောက်သည့်အချိန်တိုင်ဖြစ်၏။ ကလေးငယ်သည် ခုနစ်နှစ်သားအရွယ်သို့ ရောက်ပြီးနောက် ကိုယ်တိုင်စားသောက်နိုင်၊ အညစ်အကြေးသုတ်သင်နိုင်သောကြောင့်ဖြစ်၏။ မိမိကိုယ်တိုင် စားသောက်နိုင်၊ အညစ်အကြေးသုတ်သင်နိုင်သည့်အရွယ်ကို "ဖွိကဟ်" ပညာရှင်များက ခုနစ်နှစ်အရွယ်ဟု သတ်မှတ်ကြ၏။

ဖွိကဟ်ပညာရှင်များ၏ အဆုံးအဖြတ်မှန်ကန်ကြောင်း အခြားဟဒီးဆ်တော်များ၌ ပါရှိသည့် အထောက်အထားအရသိရ၏။ တမန်တော်မြတ် (စွလ္လလ္လဟုအလိုင်းဟိဝစလ္လမ်) သည် ကလေးငယ်များအား ခုနစ်နှစ်ပြည့်ပြီးနောက်တွင် "စွလာသ်" ဝတ်ပြုဖို့ ဆော်သြကြရန် မိန့်တော်မူထားသောကြောင့် ဖြစ်၏။

အစ္စလာမ်တရားတော်အရ နို့တိုက်နိုင်စွမ်းရှိသည့် မိခင်တိုင်းသည် မိမိ၏ ရင်သွေးငယ်အား မိမိနို့ရည်ကို တိုက်ကျွေးရန် တာဝန်တစ်ရပ်အနေဖြင့် သတ်မှတ်ထား၏။ မိခင်နို့ကို တိုက်ကျွေးခြင်းဖြင့် ရောဂါပိုးမွှားတို့ဘေးမှ သဘာဝနည်းအားဖြင့် ခုခံကာကွယ်ပေး၏။ မိမိနို့ရည်ကို ရင်သွေးငယ်အား တိုက်ကျွေးခြင်းဖြင့် မိခင်တစ်ဦးသည် မိခင်စိတ်ပေါက်ခါရင်သွေးအပေါ်၌ ချစ်ခင်မြတ်နိုး ယုယကြင်နာလိုစိတ်များအဟုန်မှာလည်း ဒီရေအလားတိုးပွားအားသန်လာ၏။ မိခင်တို့ မိမိရင်သွေးများအား မိမိနို့ရည်ကို တိုက်ကျွေးရန် အစ္စလာမ်တရားတော်က အဓိကတာဝန်အဖြစ်သတ်မှတ်ထား၏။

# ပဋိသန္ဓေဆောင်ထားသည့် မိခင်လောင်းများနှင့်ကလေးငယ်များအတွက် အစာအာဟာရ



မိခင်နှင့် ကလေးနှစ်ဦးလုံး၏ကျန်းမာရေးသည် ပဋိသန္ဓေဆောင်စဉ်ကာလ မိခင်လောင်းစားသုံးသည့်အစာအာဟာရအပေါ်၌များစွာမူတည်ပေသည်။ ပဋိသန္ဓေဆောင်သည့်ကာလ၌ အာဟာရချို့တဲ့မှုဖြစ်ခြင်းသည် မိခင်နှင့်ကလေးနှစ်ဦးလုံးအတွက် ထိခိုက်စေနိုင်ရာ မိခင်လောင်းများသည် ပဋိသန္ဓေကာလ၌ မိမိစားသုံးသည့် အစားအစာများကိုသတိထားပြီး ရွေးချယ်စိစစ်ရပေမည်။ ဤကိစ္စနှင့်ပတ်သက်၍ မဟာတမန်မြတ်တော်မြတ်ကြီးက ဤသို့မိန့်ဆိုခဲ့၏။

"အလ္လာဟ်အရှင်မြတ်သည် ခရီးသည်တို့အား ဥပုသ်သီတင်းတည်ဆောက်ခြင်းအား ခြွင်းချက်ပေးထားပြီး ဆွလတ်ဘာဝနာပွားများမှုကိုလည်း ထက်ဝက်လျှော့ပေးသနားတော်မူ၏။ ကိုယ်ဝန်ဆောင်များနှင့် နို့တိုက်နေရသည့် သားသည်မိခင်တို့အားလည်း ဥပုသ်သီတင်းတည်ဆောက်ခြင်းမှ ကင်းလွတ်ခွင့်ပြုပေးသနားတော်မူ၏"

စိတ္တ၊ ကာယဖွံ့ဖြိုးတိုးတက်ကြီးထွားမှုအတွက် အစာအာဟာရအရေးပါပုံကို ကျမ်းမြတ်ကုရ်အာန်၌မီးမောင်းထိုးပြထားပြီး၊ ပဋိသန္ဓေဆောင်စဉ်မှစ၍ ဘဝသက်တမ်းတစ်ခုလုံးအတွက် ဉာဏဗလအားသန်စေရေးနှင့် စိတ်ပိုင်းဆိုင်ရာ တည်ငြိမ်အေးချမ်းစေရေးအတွက် အစာအာဟာရသည် သော့ချက်ဖြစ်ကြောင်းညွှန်ပြထား၏။

မဟာတမန်တော်မြတ်ကြီးက-

"ကျန်းမာသန်စွမ်းသည့် မွတ်စလင် (ယုံကြည်သူအိမာန်ရှင်) တစ်ဦးမှာ အားနွဲ့ပိန်လှီသည့် မွတ်စလင်တစ်ဦးထက်ပို၍ အရှင့်အပါးသို့ နီးကပ်မှုပါ၏"

# တစ်ကိုယ်ရေကျန်းမာရေး



## အကီကဟ်ပြုလုပ်ခြင်း

မိဘဝတ္တရားများအနက်တစ်ခုမှာ ရင်သွေးငယ်အပေါ်ကျရောက်လာမည့် ဘေးအန္တရာယ်အပေါင်းမှ သက်တမ်းတစ်လျှောက်လုံး လုံခြုံမှုရရှိနေစေရန်အတွက်လည်းကောင်း၊ အကယ်၍ ရင်သွေးငယ်၏ဖူးစာတွင်သေဆုံးရမည်ဟုပါလာကလည်း မိဘနှစ်ပါးအတွက် ဂျဟန်နမ်ငရဲမီးဘေးမှ လွတ်ငြိမ်းချမ်းသာခွင့်ရစရာအကြောင်းခံဖြစ်လာရန်လည်းကောင်း ရင်သွေးငယ် မွေးဖွားသန့်စင်ပြီးနောက် ခုနစ်ရက်မြောက်သောနေ့တွင် "အကီကဟ်" ပြုခြင်းဖြစ်၏။

## အကီကဟ်ဟူသည်

အဘိဓါန်၌ "အကီကဟ်" ၏ အဓိပ္ပါယ်မှာ လူသတ္တဝါနှင့် အခြားသတ္တဝါများမှ မွေးဖွားလာသောရင်သွေးငယ်၏ မွေးရာပါဆံပင်ဟူ၍ဖြစ်၏။

ခုနစ်ရက်မြောက်သောနေ့တွင် ရင်သွေးငယ်၏မွေးရာပါဆံပင်ကိုရိတ်ရင်း သားကောင်ကိုပါ လည်လှီးရသောကြောင့်ဝေါဟာရတွင်သားကောင်အားလည်လှီးခြင်းကိုခေါ်၏။

## အကီကဟ်ပြုလုပ်ခြင်းသည် "မွတ်စ်သဟာဗ်" ဖြစ်၏

အကီကဟ်ပြုလုပ်ခြင်းမှာ မွတ်စ်သဟာဗ်ဖြစ်၏။ တတ်နိုင်သူဖြစ်ပါက မလွတ်တမ်းလုပ်သင့်၏။ တတ်နိုင်ပါလျက်မပြုလုပ်က အပြစ်တစ်စုံတစ်ရာမရှိသော်လည်း အကျိုးကြီးမားသည့်ကိစ္စတစ်ခုကို မကျင့်သုံးသည့်အတွက်ကြီးမားသည့်အကျိုးကို လက်လွှတ်သူဟု မှတ်ချက်ချရပေမည်။ အကြောင်းကား တမန်တော်မြတ် (စွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) သည် မိမိ၏မြေးတော်များဖြစ်သော ဟစန်သခင်နှင့် ဟုစိုင်န်သခင်တို့အတွက် "အကီကဟ်" ပြုလုပ်တော်မူခဲ့၏။ မိမိအတွက် "အကီကဟ်" ကိုလည်း မိမိကိုယ်တော်တိုင် "နုဗုဝသ်" ရပြီး နောက်တွင်ပြုလုပ်တော်မူခဲ့၏။ ဤတွင်မကသေး မိမိ၏ အွမ်မသ်များအားလုံးကိုလည်း မိမိတို့ ရင်သွေးငယ်များအတွက် "အကီကဟ်" ပြုလုပ်ကြကုန်ဟု အမိန့်ပေးတော်မူခဲ့၏။

## အကီကဟ်ပြုလုပ်ခြင်း၏ အရေးကြီးပုံ

တမန်တော်မြတ် (စွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) သည် အကီကဟ်ပြုလုပ်ခြင်း၏ အရေးကြီးပုံကို အောက်ပါအတိုင်းဖွင့်ဆိုတော်မူထား၏

သားရတနာသည် "အကီကဟ်" ပြုလုပ်ခြင်းကို အကြောင်းပြု၍ လုံခြုံမှုရှိနေပေရာ သင်တို့သည် သားရတနာသန့်စင်ပြီး ခုနစ်ရက်မြောက်နေ့တွင် သားကောင်ကို "ဇဗဟ်" ပြုလည်လှီးကြကုန်။ ၎င်း၏ ဆံပင်များကိုရိတ်ကြကုန်။

## အကီကဟ်ပြုလုပ်ခြင်း၏ အကျိုးများ

၁။ "အကီကဟ်" ပြုလုပ်ခြင်းဖြင့် ရင်သွေးငယ်သည် ဘေးအန္တရာယ်အပေါင်းမှ လုံခြုံမှုရရှိသွား၏။

၂။ ရင်သွေးငယ်သည်အလ္လာဟ်အရှင်မြတ်ဘက်တော်မှ အပ်နှံချီးမြှင့်တော်မူထားသည့် ရတနာဖြစ်ပေရာ ယင်းရတနာကို တန်ဖိုးထားသောအားဖြင့်အလ္လာဟ်အရှင်မြတ်အား ကျေးဇူးဆပ်ခြင်းတစ်မျိုးဖြစ်၏။

၃။ ရင်သွေးငယ် မွေးဖွားသန့်စင်ပြီးနောက် "အကီကဟ်" ပြုလုပ်ပြီးခါမှ အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်ခံယူ (သေဆုံး) သွားပါက ယင်းရင်သွေးငယ်သည် တမလွန်ဘဝ၌ မိဘနှစ်ပါး၏အပြစ်များကို ချွတ်ကယ်ပေးရန်အလ္လာဟ်အရှင်မြတ်ထံတော်ပါးတွင်အသနားခံမည်ဖြစ်၏။ "အကီကဟ်" မပြုလုပ်ဘဲ သေဆုံးသွားသည့် ရင်သွေးငယ်များသည် ယင်းသို့ အသနားခံလိမ့်မည်မဟုတ်ဟု အာလင်မ် ပညာရှင်များကဆိုကြ၏။

၄။ "အကီကဟ်" ပြုလုပ်ခြင်းဖြင့် ရင်သွေးငယ်ကြီးပြင်းလာသောအခါ မိဘစကားကိုနာခံသူ၊ မိဘကိုရိုသေလေးစားသူဖြစ်လာမည်ဖြစ်၏။ "အကီကဟ်" ၏ "ဗရ်ကာသ်" မင်္ဂလာကြောင့် ကလေးသည်လိမ္မာရေးခြားရှိသူ၊ မွန်ရည်သူဖြစ်လာမည်ဖြစ်၏။

သူတော်စင်များ၏ အဆိုအရ "အကီကဟ်" မပြုဘဲ ကြီးပြင်းလာသည့်ကလေးငယ်သည် လိမ္မာရေးခြားမရှိဘဲ၊ ရိုင်းပြသူ၊ မိဘစကားကို သွေဖည်သူဖြစ်လာမည်ဖြစ်၏။

၅။ အစ္စလာမ်သာသနာတော်သည် သားသမီးမွေးဖွားလာပြီးနောက် ၄င်းတို့အားပြုစုပျိုးထောင်ရာတွင် ငွေကြေးသုံးစွဲရန်လိုအပ်ပါက မတွန့်တိုဘဲသုံးစွဲရန် လေ့ကျင့်ပေးခြင်းဖြစ်၏။

သားတော်များဖြစ်သော "ဟစန်" သခင် "ဟုစိုင်းန်" သခင်နှင့် သမီးတော်များဖြစ်သော "ဇိုင်နဗ" သခင်မ၊ "အွမ်မိကွလ်ဆူးမ်" သခင်မ (ရသို့ယလ္လာဟုအန်ဟွမ်) တို့၏ ဆံပင်များကိုရိတ်၍ ငွေသားဖြင့်ချိန်တွယ်ကာ ယင်းငွေသားကို ဆင်းရဲနွမ်းပါးသူများအား ပေးကမ်းစွန့်ကြဲတော်မူလေ့ရှိ၏။

## ဆံပင်ရိတ်၍ ကုံကုမံ၊ အမွှေးနံ့သာများသုတ်လိမ်းခြင်း

ရင်သွေးငယ်မွေးဖွားသန့်စင်ပြီးနောက် ဆံပင်ရိတ်၍ရင်သွေးငယ်၏ဦးခေါင်းကို ကုံကုမံ၊ အမွှေးနံ့သာစသည်တို့ဖြင့် သုတ်လိမ်းရမည်ဟု အစ္စလာမ်တရားတော်ကလမ်းညွှန်ထား၏။

ဗုရိုင်ဒဟ်သခင် (ရသို့ယလ္လာဟုအန်ဟု) က မိန့်ကြားသည်မှာ အစ္စလာမ်မပေါ်ထွန်းမီကာလ၌ ကျွန်ုပ်တို့သည် ကလေးမွေးဖွားသန့်စင်ပြီးနောက်တွင် ဆိတ်ကိုလည်လှီးကာ ထွက်လာသည့် သွေးကို ကလေးငယ်၏ဦးခေါင်းတွင်သုတ်လိမ်းကြသည့်အစဉ်အလာရှိခဲ့ကြ၏။ အစ္စလာမ်သာသနာပေါ်ထွန်းပြီး နောက်တွင် အစ္စလာမ့်ညွှန်ကြားမှုဖြင့် ကလေးငယ်မွေးဖွားသန့်စင်ပြီး ခုနစ်ရက်မြောက်သောနေ့တွင် "အကီကဟ်" ပြုလျက် ဆိတ်ကိုလည်လှီးကြ၏။ ကလေးငယ်၏ မွေးဆံပင်များကို ရိတ်ကာ ကုံကုမံကို ကလေးငယ်၏ ဦးခေါင်းတွင်သုတ်လိမ်းကြ၏။

## ခသ်နဟ်ပြုခြင်း

သားသမီးများနှင့် စပ်လျဉ်း၍ မိဘတာဝန်တစ်ရပ်မှာ သားယောကျ်ားကလေးများကို ခသ်နဟ် ပြုပေးခြင်းဖြစ်၏။

## ခသ်နဟ်ဟူသည်

ခသ်နဟ်ဟူသည်မှာ သန့်စင်အောင်ပြုရာ၌လွယ်ကူမှုရှိစေရန် သားငယ်၏ အရှက်တန်ဆာ၏ အပေါ်ယံအရေပြားကို အတွင်းမှကွမ်းသီးလုံးပေါ်လာသည့်တိုင် ဖြတ်တောက်ခြင်းကိုခေါ်၏။

## ခသ်နဟ်ပြုခြင်း၏ပညတ်ချက်

ရင်သွေးငယ်မွေးဖွားသန့်စင်ပြီး ခုနစ်ရက်မြောက်နေ့တွင် ခုနစ်မျိုးသောလုပ်ဆောင်ချက်များ သည် စွန္နသ်တော်ဖြစ်၏။ ယင်းတို့အနက်အချို့မှာ-

၁။ အကီကဟ်ပြုခြင်း၊

၂။ အမည်မှည့်ခြင်း၊

၃။ ဆံပင်ရိတ်ပေးခြင်း၊

၄။ ခသ်နဟ်ပြုပေးခြင်း၊

တို့ဖြစ်ကြောင်း အထက်၌ ဖော်ပြပြီးဖြစ်သော အဗ္ဗဒ္ဒလ္လာဟ်ဗင်န်အဗ္ဗစ် (ရသ္ဒိယလ္လာဟုအန်ဟု) ဆင့်ပြန်ထားသည့် ဟဒီးဆ်တော်အရသိရ၏။

## ခသ်နဟ်ပြုခြင်း၏ အကြောင်းရင်းများ

၁။ "ခသ်နဟ်" ပြုရခြင်း၏အကြောင်းရင်းမှာ ယောက်ျားတို့၏အရှက်တန်ဆာကို သန့်ရှင်းစင်ကြယ်စွာထားရှိနိုင်ရန်ဖြစ်၏။ ထို့ကြောင့်သားရေကို ဖြတ်ထုတ်လိုက်ပါက သန့်စင်မှုအတွက် လွယ်ကူမှုရရှိစေ၏။

၂။ ထို့ပြင် "ခသ်နဟ်" ပြုခြင်းသည် အစ္စလာမ်သာသနာ၏ အမှတ်အသား မှတ်ကျောက်လည်းဖြစ်၏။ ထို့ကြောင့်ယောက်ျားများသည် မလွဲမသွေ "ခသ်နဟ်" ပြုကြရန်မှာ တာဝန်တစ်ရပ်ဖြစ်၏။

၃။ တမန်တော် အစ်ဗ်ရာဟီးမ်သခင် (အလိုင်းဟိစ္စလာမ်) အား အလ္လာဟ်အရှင်မြတ်က စမ်းသပ်သည့်သဘောဖြင့် ၄င်းတို့၏ ချစ်လှစွာသောသားတော် အစ္စမာအီးလ် (အလိုင်းဟိစ္စလာမ်) အားအလ္လာဟ်အရှင်မြတ်၏ အမိန့်တော်ကို ဦးထိပ်ထားလိုက်နာသော အားဖြင့်လည်လှီးသတ်ဖြတ်ရန် အမိန့်ပေးတော်မူခဲ့ရာ တမန်တော်အစ်ပ်ရာဟီးမာသခင် (အလိုင်းဟိစ္စလာမ်) သည် အမှန်တကယ်အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်ကို နာခံလျက် ချစ်လှစွာသောသားအား မိမိလက်တော်ဖြင့် အံ့ဖွယ်သရဲလည်လှီး သတ်ဖြတ်ခဲ့ရာအောင်မြင်တော်မူခဲ့၏။

အလ္လာဟ်အရှင်မြတ်သည် တမန်တော်အစ်ဗ်ရာဟီးမ်သခင် (အလိုင်းဟိစ္စလာမ်) အား သွေးထွက်သံယိုမှုဖြင့် စမ်းသပ်တော်မူသကဲ့သို့ မွတ်စလင်မ်များအားလည်း သွေးထွက်သံယိုခြင်းကို ခံစားလျက်အလ္လာဟ်အရှင်မြတ်၏အမိန့်တော်ကိုဦးထိပ်ထားကာ လိုက်နာကျင့်သုံးမှု ရှိ-မရှိကို စမ်းသပ်ရန်အတွက် "ခသ်နဟ်" ပြုရန်စေခိုင်းထားခြင်းဖြစ်၏။ အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်အရ မိမိခန္ဓာကိုယ်အစိတ်အပိုင်းတစ်ခုကို လှီးဖြတ်ခြင်းကို သားအဖနှစ်ဦးလုံးလိုက်နာဆောင်ရွက်ရင်း နာကျင်သည့်ဝေဒနာကို ကျေကျေနပ်နပ်ခံစားကြရ၏။

## ခသ်နဟ်ပြုခြင်း၏အကျိုးများ

၁။ "ခသ်နဟ်" ပြုခြင်းသည် အစ္စလာမ်သာသနာတော်၏ မှတ်ကျောက်တစ်ခုဖြစ်သဖြင့် "ခသ်နဟ်" ပြုခြင်းဖြင့် အဆိုပါမှတ်ကျောက်ကိုတည်ထောင်ခြင်းဖြစ်၏။

၂။ မွတ်စလင်မ်တို့ အမှတ်အသားများအနက် ခသ်နဟ်သည် အမှတ်အသားတစ်ခုဖြစ်သဖြင့် မိမိမွတ်စလင်ဖြစ်ကြောင်းမှတ်တမ်းတင်ခြင်းဖြစ်၏။

၃။ သန့်ရှင်းစင်ကြယ်မှုကိုရယူခြင်းဖြစ်၏။

၄။ "ခသ်နဟ်" ပြုခြင်းဖြင့် အရှက်တန်ဆာ၏ အပေါ်ယံအရေပြားကို ရောဂါအပေါင်းမှ ကာကွယ်နိုင်၏။

အစ္စလာမ်တရားတော်၌ (ရုပ်ပိုင်းဆိုင်ရာ) သန့်ရှင်းစင်ကြယ်မှုသည် (နာမ်ပိုင်းဆိုင်ရာ) သန့်စင်မှုနှင့် ထပ်တူထပ်မျှပင်ဖြစ်၏။ အကြင်သူတစ်ဦးသည် မိမိခန္ဓာကိုယ်ကို အညစ်အကြေးတို့မှ သန့်ရှင်းစင်ကြယ်အောင် မပြုလျှင်သော်လည်းကောင်း၊ မိမိစားသုံးသည့်အစားအစာ၊ မိမိသောက်သုံးသည့် အရည်၊ မိမိဝတ်ဆင်သည့် အဝတ်အစားနှင့် အထွေထွေသော ဟန်ပန်အနေအထားတို့တွင် မစင်ကြယ်မှုနှင့် အညစ်အကြေးတို့ကို မရှောင်ရှားပါက စစ်မှန်သော မွတ်စလင်ဟုပင် မသတ်မှတ်နိုင်ပေ။ သို့အတွက်ကြောင့် ကျမ်းမြတ်ကုရ်အာန်တွင် -

"အဘယ်ကြောင့်ဟူမူ အလ္လာဟ်အရှင်မြတ်သည် မိမိဖက်သို့ အစဉ်ထာဝရလှည့်သူများအား ချစ်မြတ်နိုးပြီး မိမိကိုယ်မိမိသန့်ရှင်းစင်ကြယ်အောင်ပြုသူနှင့် အညစ်အကြေးများကင်းဝေးအောင် ရှောင်ကြဉ်သူအားချစ်မြတ်နိုးတော်မူ၏။"

"သန့်ရှင်းစင်ကြယ်မှုသည် ဘာဝနာပွားရန်အတွက် သော့ချက်ဖြစ်၏။"

"သင်တို့အနက်မည်သူမဆို အိပ်ရာမှနိုးထထချင်း လက်နှစ်ဖက်ကို ဆေးကြောပါလေ။"

"သွားတိုက်ခြင်းသည် ပါးစပ်ကိုသန့်စင်စေသကဲ့သို့ အလ္လာဟ်အရှင်မြတ်၏ ကြည်ဖြူနှစ်သက်မှုကိုလည်းရရှိ၏။"

အထက်ဖော်ပြပါသကဲ့သို့ အစ္စလာမ်တရားတော်က ကျွန်ုပ်တို့အား အစာမစားမီနှင့် စားပြီးချိန်၌ လည်းကောင်း၊ "ဝဇူ" ပြုစဉ်၌လည်းကောင်း၊ လက်ဆေးရန်လမ်းညွှန်ထား၏။ ထို့အတူမဟာတမန်တော် မြတ်သည်မွတ်စလင်တို့အား "ဝဇူ" ပြုစဉ်နှင့် အခြားအချိန်များ၌လည်းသွားတိုက်ရန်တိုက်တွန်းတော်မူ ထား၏။

## သန့်စင်သောရေကို အသုံးပြုရန်

သက်ရှိတို့၏ မူလဘူတအစနှင့် ဆက်လက်ရှင်သန်ရပ်တည်မှုကို အရှင်မြတ်သည် ရေမှအစပြုး ခဲ့သည့်အတွက် ရေကို ဆင်ခြင်တုံတရားနှင့်ယှဉ်ခါ အကျိုးရှိရှိ အသုံးချရန် လိုအပ်ကြောင်းထင်ရှားလှ၏။ ကျမ်းမြတ်ကုရ်အာန်၌-

"ရေမှသက်ရှိသတ္တဝါဟူသမျှကိုဖြစ်ပေါ်ထင်ရှားစေခဲ့၏။"

# မိဘကျိန်စာမှာအမှန်သင့်နိုင်ခြင်း



အလ္လာဟ်အရှင်မြတ်သည်သုံးမျိုးသောဒုအာကိုမလွဲမသွေလက်ခံတော်မူသည်ဟု ဟဒီးဆ်တော်၌လာရှိ၏။

"ပထမမှာ ညှင်းပန်းနှိပ်စက်ခြင်းခံရသူ၏ ဒုအာ၊ ဒုတိယမှာ ခရီးသည်၏ ဒုအာ၊ တတိယမှာ မိဘများက သားသမီးများအားကျိန်ဆဲခြင်း။"

တမန်တော်မြတ် (စွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) ၏ဖော်ပြပါဟဒီးဆ်တော်များကို သိနားလည်လျက် မိဘများသည်မပြောပလောက်သောကိစ္စများတွင် သားသမီးများအား ကျိန်ဆဲတတ်ကြလေသည်။ ဤသို့ဖြင့် မိမိတို့ကိုယ်တိုင်ပင် မိမိတို့သားသမီးများ၏ အနာဂတ်အရေးခက်ခဲအောင်ပြုနေတတ်ကြ၏။

၎င်းတို့၏ကျိန်ဆဲခြင်းကြောင့် သားသမီးများ၏ လောကီရေး တမလွန်ဘဝရေးပျက်စီးဆုံးရှုံးမှုနှင့် ရင်ဆိုင်ရသောအခါတွင်မှ မျက်ရည်နှင့်မျက်ခွက်ဖြစ်ကုန်၏။

## "ဇမခ်ရှရီ"၏အဖြစ်ဆိုး

"သဖ်စီးရ်" ကျမ်းများအနက် လွန်စွာကျော်ကြား လူသိများသော "ကရှ်ရှားဖ်" ကျမ်းရှင် ပညာရှိသုခမိန်ကြီးနှင့်ပတ်သက်၍ ကျမ်းစာအုပ်များ၌လာရှိသည်မှာ အဆိုပါ သဖ်စီးရ်ပညာရှိသုခမိန်ကြီး "ဇမခ်ရှရီ" ၏ခြေထောက်မှာ ပြတ်၍နေ၏။ တစ်ဦးတစ်ယောက်က ၎င်းတို့၏ ခြေထောက်အဘယ်ကြောင့်ပြတ်ရသနည်းဟုမေးရာ အဆိုပါပညာရှိသုခမိန်ကြီးက "မိခင်ကြီး၏ ကျိန်စာမိခြင်းကြောင့် ဤသို့ခြေထောက်ပြတ်သွားရကြောင်း" ပြောပြ၏။ ဆက်၍ပညာရှိသုခမိန်ကြီးကဖြစ်ရပ်စုံစုံလင်လင်ကို ပြောပြ၏။ ဖြစ်ပုံမှာ ပညာရှိသုခမိန်ကြီး "ဇမခ်ရှရီ" (ရဟ်မသွလ္လာဟ်အလိုင်းဟ်) သည် ကလေးငယ်ဘဝက စာကလေးတစ်ကောင်ကိုဖမ်း၍ယင်း၏ ခြေထောက်ကို အပ်ချည်ကြိုးဖြင့်ချည်နှောင်ထားရာ စာကလေး၏ နူနယ်လှသည့်ခြေထောက်ကလေးမှာပြတ်သွား၏။ ပညာရှိကြီး၏မိခင်မှာ ဤဖြစ်ရပ်ဆိုးကိုတွေ့မြင်၍ရင်နင့်ကာ သားငယ်အား "သင်ငှက်ကလေးရဲ့ ခြေထောက်ပြတ်အောင်လုပ်သလို သင့်ရဲ့ခြေထောက်ပြတ်ပါစေ" ဟုကျိန်ဆဲခဲ့၏။

## မိဘများဆင်ခြင်သင့်သည့်အချက်

အထက်ပါအကြောင်းအရာများကိုထောက်ရှု၍ အသိဉာဏ်မဲ့သည့်မိဘများသင်ခန်းစာရယူသင့်သည်မှာ မိမိတို့၏သားသမီးများကိုမကျိန်ဆဲသင့်ပေ။ ကျိန်ဆဲခြင်းဖြင့်သားသမီးများဘဝဆုံးရပေမည်။

## ကလေးများအားကျိန်ဆဲသည့် အစဉ်အလာဆိုး

ကုရ်အာန်ကျမ်းမြတ်တွင် ကလေးငယ်အား ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာဖြင့် ပြုစုပျိုးထောင်ရန် မိဘများကသွန်သင်ဆုံးမထား၏။ သို့သော်လည်းမိဘများသည်ကလေးငယ်များအား ကြင်ကြင်နာနာဆုံးမပဲ့ပြင်ရမည့်အစား ကျိန်ဆဲခြင်း၊ ဆဲရေးတိုင်းထွာခြင်း၊ မကောင်းပြောခြင်းတို့ကို ပြုမူတတ်ကြ၏။ မိမိ၏ ရင်သွေးများအား ခွေး၊ ဝက်၊ မြည်းစသည့် တိရစ္ဆာန်အမည်များဖြင့် ခေါ်ဝေါ်လေ့ရှိကြသည်မှာအံ့သြစရာပင်ဖြစ်၏။ အလ္လာဟ်အရှင်မြတ်ကျွန်ုပ်တို့အားခွင့်လွှတ်တော်မူပါစေ။ ကျွန်ုပ်တို့၏ရင်သွေးများအား လူတော်လူကောင်းများအဖြစ်ပြုပေးတော်မူပါစေ။

## ကလေးများအား မထိန်းသိမ်းမပဲ့ပြင်ခြင်း၏ ရလဒ်ဆိုး

ကျွန်ုပ်တို့မိဘများ၏ အထက်ပါမှားယွင်းချက်များမမှန်ကန်သည့်လုပ်ရပ်များ၏အကြောင်းရင်းမှာ ကျွန်ုပ်တို့မိဘများငယ်ရွယ်စဉ်က ၎င်းတို့၏ မိဘများ၏ ပြုစုပျိုးထောင်မှု၊ ထိန်းသိမ်းပဲ့ပြင်မှု အလျှင်းမရှိခြင်းပင်ဖြစ်၏။ မျက်မှောက်ကာလတွင် ဖြစ်ပေါ်လျက်ရှိသော အမျိုးသမီးများ၏ ဆိုးသွမ်းမှုများ၊ အရှက်တရားကင်းမဲ့မှုများ၏ အရင်းအမြစ်သည်လည်း ၎င်းတို့ငယ်ရွယ်စဉ်က မိဘများ၏ပြုစုပျိုးထောင်မှုညံ့ဖျင်းခြင်းကုရ်အာန်နှင့် ဟဒီးဆ်တော်လာနည်းစနစ်နှင့်အညီ ဆုံးမပဲ့ပြင်မှုမရှိခြင်းကြောင့်ဖြစ်၏။ မိခင်များ၏ ပေါ့လျော့မှု၊ သားသမီးများအားအလိုလိုက်မှုတို့ကြောင့် ကလေးငယ်များလူလားမြောက်သည့်အခါ အောင်မြင်သင့်သလောက် မအောင်မြင်ဘဲရှိတတ်ကြ၏။ ကုရ်အာန်နှင့် ဟဒီးဆ်တော်အတိုင်း ရင်သွေးငယ်သားသမီးများအား ပြုစုပျိုးထောင်ပဲ့ပြင်ထိန်းသိမ်းခဲ့ကြပါက ယနေ့ဖြစ်ပေါ်လျက်ရှိသော လူကြီးလူငယ်တို့၏ စရိုက်ဆိုးများ၊ မပြေလည်မှုများ၊ အနိဋ္ဌာရုံများ လုံးဝပေါ်ပေါက်မည်မဟုတ်ဘဲ ပတ်ဝန်းကျင်တစ်ခုလုံး ငြိမ်းချမ်းသာယာနေမည်ဖြစ်၏။

သို့ရာတွင် လောကကြီး၌ မိဘမေတ္တာစေတနာမျိုးမထားတတ်ကြဘဲ လူမဆန်စွာကြမ်းကြုတ်သူများလည်းရှိကြသေး၏။ ၎င်းတို့သည်ရင်သွေးငယ်များ၏ လင်းဝင်းတောက်ပခြင်းများကို ဖျက်ဆီးပစ်ကြ၏။ အစ္စလာမ်သာသနာက သားသမီးများအားချစ်ခင်မြတ်နိုးခြင်းနှင့် ဆုံးမပဲ့ပြင်ခြင်း တို့တွင် တစ်ဖက်စွန်းမရောက်စေဘဲ သမာသမတ်ရှိကြစေရန် ဆော်သြထား၏။

အစ္စလာမ်သာသနာစည်းကမ်းနှင့်အညီ သားသမီးများအားရိုက်နှက်ဆုံးမခွင့်ရှိသကဲ့သို့ သားသမီးများအား အကြင်နာမဲ့စွာ ညှင်းပန်းနှိပ်စက်ခြင်းကို ရှုတ်ချ၏။

## သားအားသမီးထက်ဦးစားမပေးရ

အဗ္ဗဒ္ဒလ္လာဟ်ဗင်န်အဗ္ဗားစ် (ရသွိယလ္လာဟုအန်ဟု) သခင်က ဆင့်ပြန်သည်မှာ တမန်တော် (စွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) က "အကြင်သူတစ်ဦးထံတွင် သမီးတစ်ယောက်မွေးပြီး ယင်းသမီးအားအရှင်လတ်လတ်မြေမြှုပ်သင်္ဂြိုဟ်ခြင်းအမှုကို မကျူးလွန်၊ သမီးအားသိက္ခာကျအောင်လည်းမလုပ်၊ ယင်းသမီးထက် သားအား ဦးစားပေးခြင်းလည်းမရှိပါက အဆိုပါပုဂ္ဂိုလ်အား (သမီးအား ချစ်ခင်ကြင်နာခြင်းကြောင့်) အလ္လာဟ်အရှင်မြတ်က ဂျန္နသ်သုခဘုံသို့ဝင်ရောက်စေတော်မူပေလိမ့်မည်ဟု မိန့်တော်မူလေသည်။

တမန်တော် လက်ထက်တော်အခါက အရပ်လောကတွင် သမီးမိန်းကလေးမွေးခြင်းထက်သားယောကျ်ားကလေးမွေးခြင်းကိုနှစ်သက်ကြ၏။ ဂုဏ်လည်းယူကြ၏။ အချို့မှာသမီးမွေးလာလျှင်မွေးကင်းစ

အရွယ်သမီးငယ်ကိုအရှင်လတ်လတ်မြေမြှုပ်သဂြိုလ်လေ့ရှိကြ၏။ သမီးသည်အရှက်ရဖွယ်ဖြစ်၏။ အမွေခံထိုက်သူ၊ အားကိုးထိုက်သူမဟုတ်ဟုအစွဲရှိကြ၏။ အကြင်သူတစ်ဦးထံတွင် ဂုဏ်ယူစရာ အားကိုးစရာသားမမွေးဘဲ သမီးမွေးလာခဲ့သော်လည်း သမီးရှင်သည်သမီးမိန်းကလေးမွေးသည်ကို မငြိုငြင်ဘဲ သားနှင့်မခြားပြုစုပျိုးထောင်ပါက အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်ကို တန်ဖိုးထားလိုက်နာခြင်း အတွက်အလ္လာဟ်အရှင်မြတ်က၎င်းအားအကြီးကျယ်ဆုံးဆုလာဘ် ဂျန္နသ်သုခဘုံကိုချီးမြှင့်တော်မူလိမ့်မည်။

## ကလေးများမွေးဖွားခြင်းကြောင့် မငြိုငြင်ရ

မိမိကိုယ်မိမိ ခေတ်ပညာတတ်၊ ခေတ်မီသူ၊ အနောက်တိုင်းယဉ်ကျေးမှုကို အထင်ကြီး၍ ၎င်းတို့ဓလေ့စရိုက်အတိုင်း လိုက်နာကျင့်သုံးသူများသည် ကလေးများများမွေး၍ ဆင်းရဲရမည်ကို ကြောက်ရွံ့ကြ၏။ ထို့ကြောင့် ၎င်းတို့သည် ကလေးများခြင်း၏ အန္တရာယ်မှ ရှောင်ရှားလိုကြသဖြင့် အပြစ်မဲ့သော ရင်သွေးငယ်များကို ရက်ရက်စက်စက်အဆုံးစီရင်ပစ်တတ်ကြ၏။ ဤသို့ ကျူးလွန်ရာတွင် အစ္စလာမ်နှင့် ဆန့်ကျင်သော နည်းမျိုးကို အသုံးပြုတတ်ကြ၏။ စင်စစ် ၎င်းတို့လိုလား တောင့်တပူပန်ကြသော ရိဇ်ဇိရိက္ခာသည် အလ္လာဟ်အရှင်မြတ်၏ လက်ဝယ်တွင်ရှိပြီး အလ္လာဟ်အရှင်မြတ်နှစ်သက်တော်မူသလို ပေးကမ်းချီးမြှင့်လေ့ရှိတော်မူ၏။

ကုရ်အာန်ကျမ်းတော်မြတ်တွင် ရိဇ်ဇိရိက္ခာနှင့် စပ်လျဉ်း၍ လာရှိသည်မှာ-"၎င်းအပြင် အသင်တို့သည် မိမိတို့၏ သားသမီးများကို ဆင်းရဲမှုကြောင့် မသတ်ဖြတ်ကြကုန်လင့်။ ငါအရှင်မြတ်သည် အသင်တို့ကို လည်းကောင်း၊ ထိုသူများကိုလည်းကောင်း စားနပ်ရိက္ခာပေးတော်မူမည်။

ဆင်းရဲမည်ကို စိုးရိမ်ကြောင့်ကြသောကြောင့် အစ္စလာမ်မပေါ်ထွန်းမီ အမှောင်ခေတ်က မိမိတို့၏ ရင်သွေးငယ်များအား သတ်ဖြတ်လေ့ရှိကြ၏။ အစ္စလာမ်ထွန်းကားပြီးနောက် မျက်မှောက်ခေတ်တွင်လည်း ဆင်းရဲမည်ကို စိုးရိမ်ကြောင့်ကြမှုကြောင့် ရင်သွေးငယ်များအား အစ္စလာမ်နှင့် ဆန့်ကျင်သော နည်းမျိုးစုံဖြင့် အဆုံးစီရင်နေကြခြင်းမှာ အမှောင်ခေတ်ဘက်သို့ ပြန်လှည့်ခြင်းဖြစ်ရုံမက မွတ်စလင်မ်တို့၏ ယုံကြည်ချက်နှင့် လုံးဝဆန့်ကျင်နေခြင်းဖြစ်၏။

ကုရ်အာန်ကျမ်းတော်မြတ်တစ်နေရာတွင် ရိဇ်ဇိရိက္ခာချီးမြှင့်ခြင်းနှင့်စပ်လျဉ်း၍အလ္လာဟ်အရှင်မြတ်က အောက်ပါအတိုင်း အာမခံချက် ချီးမြှင့်တော်မူထား၏။

"အမှန်သော်ကား ကမ္ဘာမြေဝယ်ရှိရှိသမျှသော (သွားလေသော) သက်ရှိသတ္တဝါအပေါင်းတို့ကို စားနပ်ရိက္ခာပေးသနားတော်မူရန် အလ္လာဟ်အရှင်မြတ်အပေါ်၌တာဝန်ဖြစ်ပေသည်။"

# သားသမီးများအားချစ်သော တမန်တော်မြတ်



တမန်တော်မြတ် (စွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) ကိုယ်တော်သည် သားသမီးများအား လွန်စွာချစ်ခင်ကြင်နာတော်၏။ သမီးတော် "ဖွာသွိမဟ်" (ရသွိယလ္လာဟုအန်ဟာ) သခင်မအား တွေ့မြင်တော်မူသည်အခါတိုင်းတမန်တော်မြတ် (စွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) ၏ မျက်နှာတော်သည် သမီးတော်အား ချစ်စိတ်ကြောင့် လင်းဝင်းတောက်ပသွားတော်မူလေ့ရှိ၏။ တစ်ခါတမန်တော်မြတ်သည် သမီးတော် "ဖွာသွိမဟ်" (ရသွိယလ္လာဟုအန်ဟာ) နှင့်ပတ်သက်၍ မိန့်သည်မှာ-

"ဖွာသွိမဟ်သည် ငါကိုယ်တော်၏ အစိတ်အပိုင်းတစ်ခုဖြစ်၏။ ဖွာသွိမဟ်အားစိတ်ဆိုး အောင်ပြုသူသည် ငါကိုယ်တော်အားစိတ်ဆိုးအောင်ပြုခြင်းဖြစ်၏" ဟူ၍ဖြစ်၏။ အခြားဆင့်ပြန်ချက်

တစ်ရပ်တွင် သမီးတော် "ဖွာသိွမဟ်" နှင့် စပ်လျဉ်း၍ တမန်တော်မြတ်က အောက်ပါအတိုင်း မိန့်တော်မူ၏။

"သမီးတော် "ဖွာသိွမဟ်" စိတ်မချမ်းမြေ့လျှင် ကျွန်ုပ်လည်း စိတ်မချမ်းမြေ့ပါ။ သမီးတော် "ဖွာသိွမဟ်"ဒုက္ခရောက်လျှင် ကျွန်ုပ်လည်းဒုက္ခရောက်ရသည်သာ။"

တမန်တော်မြတ်၏အထက်ပါ မိန့်ဆိုချက်များဖြင့် တမန်တော်မြတ်သည် မိမိသားသမီးများအား မည်မျှ ချစ်ခင်ကြင်နာကြောင်းသိရ၏။ ဖခင်ပီသသူတိုင်းလည်း ဤသို့ပင်သားသမီးများကို ချစ်ခင်ကြင်နာကြမည်ဖြစ်၏။ တမန်တော်မြတ်၏အထက်ပါ မိန့်ဆိုချက်များကို အကြောင်းပြု၍အချို့က သမီးတော် "ဖွာသိွမဟ်" အားမကောင်းပြောလျှင် ကာဖိရ်ဖြစ်သည်ဟုဆိုကြ၏။ ဤသို့ဆိုခြင်းမမှန်ပေ။ တမန်တော်မြတ်၏ အထက်ပါ မိန့်ဆိုချက်များသည် သမီးတော်အားမိမိမည်မျှချစ်သည်၊ မည်မျှကြင်နာသည်ကိုထုတ်ဖော်ပြောလိုခြင်းဖြစ်၏။ သို့သော် သမီးတော်နှင့်ပတ်သက်၍ တမန်တော်မြတ်၏ မိန့်ဆိုချက်များအရသိရသည်မှာ မွတ်စလင်မ်တိုင်းသည်တမန်တော်မြတ်အား ချစ်ခင်ကြည်ညိုလေးစားသကဲ့သို့ သမီးတော်အားလည်း ချစ်ခင်ကြည်ညိုလေးစားသင့်ကြောင်းဖြစ်၏။

# ကလေးငယ်လုပ်ပိုင်ခွင့်မရှိသောကိစ္စများ



ကလေးငယ်၏လုပ်ဆောင်ချက်များသည်ရှရီအသ်တရားတော်အရ တရားမဝင်ပေ။ ထို့ကြောင့် ကလေးငယ်တစ်ဦးသည် အခြားသူများအား ကမကထပြုလျက် "နိကာဟ်" ပြုမပေးနိုင်ပေ။ "ကာသ်" တရားစီရင်သူလည်းမဖြစ်ထိုက်ပေ။ မည်သည့်ကိစ္စတွင်မှ သက်သေအဖြစ်မဆောင်ရွက်နိုင်ပေ။ သို့ရာတွင်ကလေးငယ်သည် "ခွသ်ဗဟ်" ပေးလိုကပေးနိုင်၏။ ဥပမာ- ဂျုမ္မအဟ်စွလာသ်တွင်ကလေးငယ်ကခွသ်ဗဟ်ပေးပြီး အခြားအရွယ်ရောက်သူက စွလာသ်ဦးဆောင်ဝတ်ပြုပါက စွလာသ် ဝတ်ပြုပိုင်၏။

## ကလေးငယ်ကပေးသောလက်ဆောင်

ကလေးငယ်သည် တစ်ဦးတစ်ယောက်ထံမှ လက်ဆောင်ယူလာပြီး "ဤပစ္စည်းသည် ကျွန်ုပ်ဖခင်ပိုင်ဖြစ်ပါသည်။ ကျွန်ုပ်၏ဖခင်ထံမှ လက်ဆောင် သို့မဟုတ် "စွဒကဟ်" ဖြစ်ပါသည်ဟု ပြောကာပေးပါက ဆန်းစစ်၍လက်ခံနိုင်ပေသည်။

သို့ရာတွင် ကလေးငယ်သည် ပစ္စည်းတစ်ခုခုကို ယူလာပြီး "ဤပစ္စည်းသည်ကျွန်ုပ်ပိုင် ပစ္စည်းဖြစ်ပါသည်။ ဤပစ္စည်းကို လက်ဆောင်အဖြစ် သို့မဟုတ် "စွဒကဟ်" အဖြစ်အသင့်အား ပေးရန်ကျွန်ုပ်၏ ဖခင်ကကျွန်ုပ်အား ခွင့်ပြုပါသည်ဟုဆိုကာပေးပါက ယင်းပစ္စည်းကို မရယူပိုင်ပေ။

## ကလေးငယ်ပစ္စည်းဝယ်ခြင်း

ရှမ်စွလ်အအင်မွဟ် (ဟွလာဝါနီ) သခင်ကမိန့်သည်မှာ ကလေးငယ်တစ်ဦးသည် ကုန်စုံ အရောင်းဆိုင်သို့ လာရောက်၍ "ကျွန်ုပ်၏အမေကအသုံးအဆောင်ပစ္စည်းတစ်ခုခု (ဥပမာ-ဆပ်ပြာခဲ၊ ဆပ်ပြာမှုန့်စသည့် ပစ္စည်းတစ်မျိုးမျိုး) ကိုဝယ်ရန်လွှတ်လိုက်ပါသည်၊ ရောင်းပါ" ဟုဆိုပါက ယင်းကလေးအားရောင်းချခွင့်ရှိပေသည်။ အကယ်၍ ကလေးငယ်သည် မုန့်ပဲသရေစာတစ်မျိုးမျိုး ဝယ်ယူပါကရောင်းခွင့်မရှိပေ။

## ကလေးငယ်သည်လူသတ်မှု၌တာဝန်ယူရန်မလိုခြင်း

ရပ်ကွက်တစ်ခုတွင် လူသတ်မှုတစ်ခုခုဖြစ်ပွားပြီး လူသတ်သူမသိရပါက အနီးပတ်ဝန်းကျင်ရှိ လူပေါင်းငါးဆယ်ကမိမိတို့မသတ်ကြောင်းမိမိတို့လူသတ်သမားအားမသိကြောင်း ကစမ်ကျိန်ဆိုပြော ကြရ၏။ ဤသို့ကစမ်ကျိန်ဆိုရမည့်တာဝန်သည် ကလေးအပေါ်တွင်မရှိပေ။ လူသတ်သမားသည် မှားယွင်း၍သတ်ဖြတ်ခဲ့သော်ဒဏ်ကြေးငွေသည်လူသတ်သမား၏ဆွေမျိုးသားချင်းများကပေးဆောင် ရန်တာဝန်ရှိသော်လည်းဆွေမျိုးသားချင်းများတွင်ပါဝင်သောကလေးများ၌ ဤတာဝန်မရှိပေ။

## စစ်သုံ့ပန်းအဖြစ်ဖမ်းမိခဲ့သော်

ဘာသာရေးစစ်ပွဲ၌ပါဝင်ဆင်နွှဲခြင်းမရှိသောကာဖစ်ရ်ကလေးငယ်များအားဖမ်းဆီးရမိပါက ယင်းကလေးငယ်အားမသတ်ဖြတ်ရပေ။

**– အဆုံး –**

ဤစာအုပ်နှင့်အတူ

ဗုဒ္ဓဘာသာနှင့်ကလေးစောင့်ရှောက်မှု

ခရစ်ယာန်ဘာသာနှင့်ကလေးစောင့်ရှောက်မှု

တို့ကိုလဲဖြန့်ဝေပါသည်။

unicef
MYANMAR
ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့

ယူနီဆက်
ရန်ကုန်အပြည်ပြည်ဆိုင်ရာဟိုတယ်
၃၃၀၊ အလုံလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၁၂၀၈၆၊ ၂၁၂၀၈၇၊ ၂၁၂၀၉၀၊ ၂၁၂၀၉၁
ဖက်စ် - ၉၅-၁-၂၁၂၀၆၃

**နိုဝင်ဘာ ၂၀၀၁**
အခမဲ့ဖြန့်ဝေသည်။